
လေ့လာမှတ်သားဖွယ်စာစဉ်



# ဘဝ၏ အနိဋ္ဌာရုံများကို အောင်နိုင်ခဲ့သူ ယောသပ်

Bill Crowder

ဘာသာပြန်သူ - ဆရာဦးထွန်းလှိုင်



# အသက်တာ၌ ကြုံရသော အနိဋ္ဌာရုံများကို
# အနိုင်ယူခဲ့သူ ယောသပ်

***JOSEPH***

*Overcoming Life’s Challenges*

By Bill Crowder

ဘာသာပြန်သူ- ဆရာဦးထွန်းလှိုင်



# ယောသပ်

## ဘဝ၏ စိန်ခေါ်မှုများကို ကျော်လွှားအောင်နိုင်ခဲ့ခြင်း

“ဘောလုံးပွဲငါးပွဲကိုဆက်တိုက်ရှုံးရတာကဆိုးလှပြီ။ ဒါထက်စိတ်ပျက်ဖို့ကောင်းတာက ကျွန်တော်တို့ဟာ အမှားတစ်ခုကို ထပ်ခါထပ်ခါ မှားကြတယ်။ အဲဒီအမှားကနေ ဘာသင်ခန်းစာမှ မယူလိုက်နိုင်တာက ပိုဆိုးတယ်ဗျာ”ဟု နည်းပြတစ်ဦးက ညည်းဖူးသည်။

နာကြည်းစွာခံစားရသော ဆုံးရှုံးမှုများကို ကစားကွင်းပြင်ပ ဘဝအသက်တာ၌လည်း ကြုံတွေ့ရတတ်သည်၊ ဆုံးရှုံးမှုအတွက် နာကြည်းရခြင်းထက် ထိုအရှုံးမှ ဘာသင်ခန်းစာမှ မရလိုက်ခြင်းက ဝမ်းနည်းဖွယ် အခံရ အခက်ဆုံးဖြစ်ကြောင်း တဖြည်းဖြည်း သဘောပေါက်တတ် လာသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏ကောင်းကျိုးအတွက် လုပ်ဆောင် နေကြောင်း အမှန်ယုံကြည်လျှင် ခက်ခဲသော၊ နာကျင်သော၊ မျက်ရည် လွှမ်းသော အတွေ့အကြုံများကို အခွင့်ပေးလျက် ဘဝစာသင်ခန်း၌ သင်ယူရန် အရေးကြီးသည့် စိန်ခေါ် မှုကြီးတစ်ရပ်ဖြစ်ပေ၏။

ဓမ္မဟောင်းကျမ်းမှ ယောသပ်သည် အလွန်ခဲယဉ်းသော အခြေအနေများမှ ကြောက်မက်ဖွယ် အန္တရာယ်၊ ပြဿနာများကို ကျော်လွှား အနိုင်ယူခဲ့သည်။ အောင်မြင်ရေးနည်းလမ်းများကို ရရှိသင်ယူခဲ့သည်။ ယောသပ် ခံစားတွေ့ကြုံခဲ့ရသည်များကို လေ့လာပြီးသောအခါ တစ်စုံတစ်ခုသော သင်ရန်စာ ရကြပါစေဟု ဆုတောင်းအပ်ပါသည်။ *Bill Crowder*

# မာတိကာ

## ဘဝသင်ခန်းစာများ

### ဘဝ၌ ကြုံရသော စိန်ခေါ်မှုများကို အောင်နိုင်ခြင်း


သစ္စာဖောက်ခံရခြင်းကို အောင်နိုင်ခြင်း. . . . . . . . . . . . . . . ၅
အပြစ်သွေးဆောင်မှုကို အောင်နိုင်ခြင်း . . . . . . . . . . . . . . . ၅
စိတ်ဆင်းရဲခြင်းများကို ကျော်လွှားအောင်နိုင်ခြင်း . . . . . . . . . ၅
အောင်မြင်မှုဒဏ်ကို ခံရပ် အနိုင်ယူခြင်း . . . . . . . . . . . . . . ၅
မုန်းတီးခါးသည်းစိတ်ကို အောင်နိုင်ခြင်း . . . . . . . . . . . . . . ၅


### အောင်မြင်ခြင်းကို ဖြစ်စေသော ယုံကြည်ကိုးစားမှု

# ဘဝသင်ခန်းစာများ

"*Happy Days*" ဆိုသည့် ရုပ်မြင်သံကြားအစီအစဉ်တစ်ခုတွင် ဖခင် **Howard** က သူ့သား **Richie Cunningham** ၏နေပုံထိုင်ပုံကို မကြိုက်သောကြောင့်နောင်ကြဉ်သွားစေရန်ဆုံးမလိုက်သည်။သားအဖနှစ်ယောက်တွေ့ကြသော်ဖခင်က"ဒီလိုလုပ်လိုက်တာမင်းအတွက်မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမလိုက်တာ မင်းသိရဲ့လား"ဟု မေးလိုက်သည်။ သားငယ်က "ဒီလောက် နာကြည်းအောင် အပြစ်ပေးတယ်ဆိုတော့ အကြောင်းတစ်ခုခုရှိပြီဆိုတာ သဘောပေါက်ပါတယ်" ဟု အသိတရားနှင့် တုံ့ပြန်လိုက်သည်။

သူ့အဖြေကမှန်ပါ၏။ လူတို့သည် သက်သာကောင်းမွန်စွာ နေရချိန်တွင် ကျေးဇူးတရားကို မသိတတ်ဘဲ ဒုက္ခအခက်အခဲ ကြုံတွေ့ကာမှ အသိတရားရတတ်ကြသည်။ စိတ်သောက ဆိုးဆိုးဝါးဝါးခံရခြင်းက ဘဝအတွက် သင်ခန်းစာများစွာရရှိစေ၏။

ကျွန်တော့် ဖခင်ကွယ်လွန်သွားချိန်တွင် မိတ်ဆွေသင်းအုပ် ဆရာတစ်ပါးက ဈာပနကိစ္စအဝဝဆောင်ရွက်ပေးရန် အိမ်သို့ရောက်လာသည်။ ကျွန်တော့်အတွေ့အကြုံက နုသေးသည်။ ဖခင်၏ဈာပန၌ ပထမဆုံးအကြိမ်သခ်ါရတရားဟောရသည်။ မိတ်ဆွေက "ခင်ဗျား ဘယ်လောက် စိတ်ထိခိုက်မယ်ဆိုတာ နားလည်ပါတယ်။ ဒါပေမဲ့ တစ်ချိန်ကျရင် ဒီအပတ်အတွင်း ခံစားရတဲ့ ဒီအတွေ့အကြုံကရတဲ့ သင်ခန်းစာကို ကျေးဇူးတင်တတ်လိမ့်မယ်။ ကျုပ်မှာတော့ ရင်းရင်းနှီးနှီး ချစ်ခင်သူတွေကို မဆုံးရှုံးသေးဘူးပေမဲ့ သခ်ါရတရားတွေ ဟောနေရပြီ။ သူတို့ကြေကွဲဝမ်းနည်းရဆုံးအချိန်မှာ သူတို့ကို အမှန်တကယ် နှစ်သိမ့်သက်သာမှုပေးခဲ့တယ်လို့ တစ်ခါမှ မခံစားခဲ့ရဘူး။ ဘာဖြစ်လိုလဲ ဆိုတော့ ကျုပ်က ဒီလိုနာကျင်ကြေကွဲမှုကို တစ်ခါမှ မခံစားဘူးပဲကိုး။ နာကျင် ခံစားနေရချိန်မှ သင်ယူရရှိလိုက်တဲ့အရာအားဖြင့် အခြားသူတွေ ကြေကွဲချိန်မှာ ထိထိရောက်ရောက် မစစောင်မနိုင်လိမ့်မယ်" လို့ အားပေးသွားသည်။

ခမ္မသစ်ကျမ်းမှ လက်တွေ့အကျဆုံးသြဝါဒစာတွင် "ငါ့ညီအစ်ကိုတို့၊ သင်တို့၏ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက် အထူးထူးအပြားအပြား စုံစမ်းနှောင့်ယှက်ခြင်းနှင့် တွေ့ကြုံရသောအခါ ဝမ်းမြောက်စရာ အကြောင်းသက်သက်ဖြစ်သည် ဟု မှတ်ကြလော့။ သင်တို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ"(ယာ ၁:၂-၄)ဟု ဆိုထားသည်။ ဆိုလိုရင်းက ရိုးစင်းပါသည်။ ဘုရားသခင်သည် အဘယ်အမှုကိုမှ အလဟဿ မဖြစ်စေ ပါ။ အသက်တာတွင် ဖြစ်ပျက်သမျှအမှုခပ်သိမ်းတို့ အဓိပ္ပာယ်ရှိပြီး ယုံကြည်ခြင်းတိုးပွားစေရန်က အဓိကဖြစ်သည်။

---

## ကျွန်ုပ်တို့ ကြုံရသော ဘဝအရှုပ်အထွေးများကို ဖြေရှင်းတတ်ရန် ယောသပ်၏အဖြစ်အပျက်က သွန်သင်လမ်းပြပေးနေသည်။

---

လူ့ဘဝသည် ရှေ့လာမည့် အနာဂတ်ကိုသာ မျှော်ကြည့်ရမည်။ ရှေ့သို့သာ တက်လှမ်းရမည်။ သို့သော်လည်း အတိတ်ဖြစ်စဉ်ကို ပြန်ကြည့်ရန်လိုသည်။ ပရမ်းပတာ အခြေအနေမျိုး ရင်ဆိုင်ရသောအခါ ဘုရားရှင်က အမှုအရာအလုံးစုံကို ချုပ်ကိုင်လျက်ရှိကြောင်း ယုံကြည်ရမည်။

၄င်းကို "...ငါတို့ကို ချစ်တော်မူသောသူ၏မေတ္တာတော်ကြောင့် မျက်မှောက်မမြင်ဘဲ ယုံကြည်မျှော်လင့်ခြင်းနှင့် လျှောက်လှမ်းခြင်း" ဟု ရှင်ပေါလု ညွှန်ဆိုပေ၏ (၂ ကော ၅:၇)။ လူတို့၏မွေးရာပါ ဗီဇက ကိုယ့်ဘဝကို ကိုယ်တိုင် ထိန်းသိမ်းလိုကြသည်။ သို့သော် ပြုလေရာရာ၌ လွဲချော်မှားယွင်းမှုကင်းသည့် အဖဘုရား၏ မေတ္တာတော်ကို ကိုးစားရန် ဘုရားရှင်အလိုရှိသည်။ မေတ္တာတော်အားဖြင့် ခပ်သိမ်းသော အမှုကို ခံနေရစဉ်မှာပင် အထူးအောင်မြင်သူဖြစ်အောင် ပြုပေးသည့် ဘုရားရှင်ကို အမှီပြုရန်အလိုရှိသည် (ရော ၈:၃၇)။

ယောသပ်၏အတွေ့အကြုံက ဤသို့သော ယုံကြည်ခြင်းကို ဖြစ်ပေါ်စေသည်။ သူ့ဘဝ၌ ခဲယဉ်းပိတ်မှောင်သော ဒုက္ခအပြည့် ကြုံတွေ့ခဲ့ရ

သော်လည်း အောင်မြင်ခဲ့ခြင်းက အံ့ဖွယ်ရာတည်း။ အမုန်စင်စစ် ကျွန်ုပ်တို့ ကြုံရသော ဘဝ အရှုပ်အထွေးများကို ဖြေရှင်းတတ်ရန် ယောသပ်၏ အဖြစ်က သွန်သင်လမ်းပြပေးသည်။ သူသည် ဘုရားမဲ့တရားမဲ့ ပတ်ဝန်းကျင်တွင် ဘုရားကို ဆက်ကပ်သူတစ်ဦးဖြစ်ခဲ့သည်။ ဒုက္ခအပေါင်းကို အနိုင်ယူနိုင်သူ အမုန်ဖြစ်သောကြောင့် သူ့ဘဝစံနမူနာက ပြဿနာများကို ရင်ဆိုင်နိုင်အောင် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးလျက်ရှိသည်။

****************************

# သစ္စာဖောက်ခံရခြင်းကို အောင်နိုင်ခြင်း

သစ္စာဖောက်ခြင်းဆိုသောဝေါဟာရသည် နားဝင်ချိုသောစကား မဟုတ်ပါ။ ထိုစကားကိုကြားသည်တွင်တိုင်းပြည်ကိုရောင်းစားသော Benedict Arnold ထားဒဏ်ရာနှင့် အသက်ထွက်ကာနီး ဧကရာဇ်ဆီဇာဘုရင်က သူ့လူယုံတော် ဘရုတပ်(စ်)ကို "ဩော် မင်းလည်း ကြံရာပါပဲကိုး" ဟု ပြောသွားပုံ၊ထိုမျှမကသားတော်ကိုဖက်ယမ်းနမ်းရှုပ်ပြီးအသပြာ(၃၀)ဖြင့် သစ္စာဖောက်လိုက်သူ ယုဒရှကာရုတ်တို့ကို မြင်ယောင်မိသည်။

ယောသပ်အကြောင်းကို လေ့လာပြန်သောအခါ တစ်မိသားစု ညီအစ်ကိုချင်း၏ သစ္စာဖောက်ခြင်းကို နာကျင်စွာခံခဲ့ရသည်။ ထိုဒုက္ခက ယာယီခဏမျှသာဖြစ်သော်ငြားလည်း ၎င်းကို အောင်မြင်ကျော်လွှားနိုင်ရေး ယောသပ်ကလေး သင်ယူခဲ့ရပါသည်။

**စိတ်ဖိစီးမှုအစပျိုးခြင်း။** တစ်ချိန်က ကျွန်တော့်အသင်းတော်သို့ လာရောက် မိတ်သဟာယဖွဲ့သော မိသားစုတစ်ခုရှိသည်။ ၎င်းတို့ အိမ်သို့ ကျွန်တော်သွားရောက်ခဲ့ရာ အိမ်တွင်းဝင်လိုက်သည်နှင့် တင်းမာမှုများရှိနေသည်ကို သတိပြုမိလိုက်သည်။ ၄၅ မိနစ်အတွင်းတွင် လင်မယား နှစ်ယောက် တစ်ဦးနှင့် တစ်ဦး စကားမပြောကြောင်း၊ လင်မယားကြား အိမ်တွင်းစစ်ပွဲက သားသမီးများထံ ဂယက်ရိုက်ကူးစက်သွားကြောင်း သိလိုက်ရသည်။

အိမ်ထောင်ဟူသည် တစ်ဦးနှင့်တစ်ဦး နွေးထွေးစွာလက်ခံခြင်း၊ ချစ်ခြင်းမေတ္တာနှင့် လုံခြုံမှုအပြည့်ရှိသည့်နေရာဟု ယူဆထားကြသော်လည်း များသောအားဖြင့် ထိုသို့ဖြစ်တည်မနေဘဲ မလိုမုန်းထားမှု၊ ဒေါသတရားနှင့် ခါးသီးစိတ်များ ပေါက်ပွားရာနေရာဖြစ်နေတတ်သည်။ ယောသပ်မိသားစုတွင်းလည်း ထိုသို့ တင်းမာမှုရှိခဲ့ကြောင်း ကမ္ဘာဦး ကျမ်း ၃၇ က ဖော်ပြထားသည်။

**ဒေါသယမ်းအိုးနှင့် စနက်မီးကြိုး။** အာဗြဟံ၏မြေး၊ ဣဇက်၏သား ယာကုပ်သည် သူစိုက်ခဲ့သည့်အတိုင်း ရိတ်ရသည်ကို ခါးသီးစွာ သဘော ပေါက်သွားခဲ့ရသည်။ ကမ္ဘာဦးကျမ်း (၂) တွင် အိမ်ထောင်ပြုခြင်းနှင့် ဆိုင်သော ဩဝါဒကို မလိုက်နာဘဲ မယား(မိန်းမ)များစွာ ယူခဲ့သည်။ ထို ဇနီးများမှ သား (၁၂) ယောက် မွေးဖွားခဲ့သည်၊ သားများက ဖခင်ရှေ့ မျက်နှာရရန် အပြိုင်အဆိုင် နေရလုကြသည်။

ယာကုပ်က ဒုတိယဇနီး ရာခေလနှင့်ရသော ယောသပ်နှင့် ဗယ်္ာမိန် သားနှစ်ယောက်ကို မျက်နှာသာပေးခဲ့သောကြောင့် အခြေအနေက ပို၍ဆိုး သွားသည်၊ ထို့ကြောင့် မိသားစုအတွင်း အခြေအနေ တင်းမာလာခဲ့သည်။ အခြားသားများထက် မျက်နှာသာရသောကြောင့် သူတို့ညီအစ်ကို နှစ်ယောက်ကို အစ်ကိုများက အပေါင်းအသင်း မလုပ်ကြတော့ပါ။ ထို့ပြင် ယာကုပ်၏အကျင့် စရိုက်က သားများ၌ ပြန်ပေါ်လာသည်။ ယာကုပ် ဟူသည့် အမည်က "မသိ ကျိုးနွံပြုသူ" ဟု အဓိပ္ပာယ်ရသည်။ သားများက ထိုသဘောထားကို ဖခင်ထံမှ ကောင်းစွာအမွေ ရထားသည်။ ၎င်းတို့မိသားစု တွင်း၌ ရန်းရင်းခတ်မှု၊ လှည့်စားမှု၊ မိမိအကျိုးကိုသာ ကြည့်မှုများဖြင့် ပွထနေသည်။ ထို့ပြင် ညံ့ဖျင်းသော မိဘအုပ်ထိန်းမှုကြောင့် ပေါက်ကွဲလု အခြေအနေကို မတည်မငြိမ် ဖြစ်စေသည်။ ထိုအခြေအနေမှ ပေါက်ကွဲ စေသောအချက် (၃) ချက်ကို ကမ္ဘာဦးကျမ်း (၃၇) တွင် တွေ့ရသည်။

- ဖခင်ယာကုပ်က သူ့အချစ်တော်သား ယောသပ်အား အစ်ကိုများကို ချောင်းမြောင်း စောင့်ကြည့်ခိုင်းခြင်း (:၂)။
- ယာကုပ်က သားယောသပ်အား ဝတ်ကောင်းစားလှများ ဆင်မြန်းပေးခြင်း (:၃)။
- ယာကုပ်၏ အပြုအမူနှင့် စိတ်ထားက ညီအစ်ကို အချင်းချင်း စိတ်ဝမ်းကွဲ စေခြင်း၊ သူတို့၏မကျေမနပ် အမျက်ဒေါသက ဖခင် အစား ညီငယ်ကို မုန်းခြင်း၊ အငြိုးထားခြင်းသို့ ဦးတည် သွား သည်(:၄)။

ထိုသို့စိတ်ဝမ်းကွဲကြရခြင်းမှာ အိမ်ထောင်တွင်း ပြဿနာများ၌ အခြေခံသည်။ ဇနီးများအကြား မနာလိုစိတ်၊ အပြိုင်အဆိုင်စိတ်ပေါ်ကာ ပဋိပက္ခဖြစ်ခြင်းအကြောင်းကို (၁ ရာ ၁) တွင်လည်း တွေ့ရသည်။ လင်မယားပေါင်းသင်းဆက်ဆံမှု ညံ့ဖျင်းသောအခါ အိမ်ထောင်အတွင်း အကုသိုလ်ဝင်တတ်သည်၊ လင်နှင့် မယား ကတောက်ကဆ ဖြစ်ပြီ ဆိုလျှင် တစ်အိမ်လုံး နေစရာမရှိ ဖြစ်ကြရသည်။ ဇနီးတစ်ယောက်ထက် ပိုယူထားခြင်းကလည်း ရင်းနှီးမှုကိုပျက်ပြားစေသည်။ ထိုတင်းမာသောအခြေအနေတွင် မိဘအုပ်ထိန်းမှု ဝတ္တရားများ ပျက်ကွက်ပါက ပေါက်ကွဲ စေတတ်သည်။

## “လင်နှင့်မယား ကတောက်ကဆဖြစ်ပြီဆိုလျှင် တစ်အိမ်လုံးနေစရာမရှိ ဖြစ်ကြရသည်”

သားယောသပ်အား အခွင့်အရေး ပို၍ပေးမိခြင်းအားဖြင့် ယာကုပ်သည် အမှားနှစ်ခုကျူးလွန် ရာရောက်သွားသည်။ ပထမအမှားမှာ ယောသပ်သည် သူ့အစ်ကိုများထက် သာလွန်သည်ဟု တလွဲထင် အောင် သူပြုမိသည်။ ဒုတိယအမှားမှာ သားကြီးများက အဖေ သူတို့ကို ဂရုမစိုက် ပစ်ပယ်ထားပြီဟု အထင်အမြင်မှားအောင် ပြုမိသည်။ ဤသို့ဖြင့် ပေါ်ပေါက်သော တင်းမာမှုယမ်းအိုးအား မီးတို့လိုက်ရုံ ဖြင့် ပေါက်ကွဲ နိုင်သည့် အခြေအနေသို့ ဆိုက်စေသည်။ ယာကုပ်၏ ဆင်ခြင်တုံတရားမရှိ၊ နာခံစိတ်ကင်းမဲ့ခြင်းကြောင့် အိမ်ထောင်အတွင်း အမုန်းတရားနှင့် ပြည့်ခဲ့သည်။

မိသားစုအတွင်း တင်းမာမှုအကြောင်း စဉ်းစားရင်း ၁၉၃၅ ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့က ရေးသားခဲ့သော သေတမ်းစာတစ်စောင်ကို ပြန်လည် အမှတ်ရမိသည်၊ ထိုစာတွင် -

> “ကျွန်တော်၏သမီးများဖြစ်ကြသည့် Frances Marie နှင့် Denise Victoria တို့သည် ဖခင်အပေါ်ထားရှိသော ၎င်းတို့၏စိတ်ထားကို အကြောင်းပြု၍ တစ်ယောက်ကို တစ်ဒေါ်လာစီနှင့် အတူ ကျိန်စာတစ်စောင် ပေးခဲ့သည်။ ၎င်းတို့၏ဘဝအသက်တာ၌ ပျော်ရွှင်မှုကင်း၍ စိတ်ပျက်ဖွယ်နှင့် ဝမ်းနည်းခြင်းများကျရောက်ပါစေ။ သူတို့မကြာမီ သေဆုံးကြပါစေ။

မသေမီ ဝေဒနာခံစား ရသော နာတာရှည် ရောဂါစွဲကပ်ပါစေ။ သူတို့ ဝိညာဉ်တို့သည် ငရဲတွင် ထာဝရကာလ ညှဉ်းဆဲနှိပ်စက်ခြင်းခံရပါစေ” စသည်တို့ ထည့်သွင်းထားပါသည်။

ချစ်ခြင်းမေတ္တာကင်းမဲ့သောအခါအိမ်ထောင်တွင်းအကျိုးနည်းရသည်။ ယာကုပ်၏မဆင်မခြင် လုပ်ရပ်က ယမ်းမှုန့်ပုံ ပေးသကဲ့သို့ ဖြစ်ပြီး ယောသပ်က ပြဿနာမီးမွေးသူ ဖြစ်သွားသည်။

**လူငယ်တို့က ကမူးရှူးထိုးလုပ်တတ်ခြင်း။** ကြီးမြတ်သော ရာထူးဌာနန္တရ ရလိမ့်မည်ဟု ယောသပ်က အိပ်မက်ရူပါရုံရသည်။ အိပ်မက်အနက်ကို ဆင်ခြင်လျက် နားလည်အောင် ရှာကြံရမည့်အစား မိသားစု၌ သူ့ကို မုန်းတီးနေပြီ ဖြစ်သောအစ်ကိုကြီးများရှေ့မှာပင် ဂုဏ်ယူ ဝင့်ကြွားစွာ ပြောပြခဲ့သည်။ ယောသပ်သည် အခြေအနေကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်ရာ၌ အမှားသုံးမျိုး လုပ်ခဲ့မိသည်။

- မိသားစုအတွင်း တင်းမာမှု ရှိနေသည်ကို သတိမပြုမိ၊ လက်လွတ်စပယ် မဆင်မခြင် ပြုကျင့်ပြောဆိုခြင်း၊
- သူ့အပြုအမူက သူတို့မိသားစုအတွင်း မည်သို့ဂယက်ရိုက်မည်ကို မတွေးမိ မခံစားမိခြင်း၊
- သူ့စကားက အဘယ်မျှ တာသွားသည်ကို မတွေးမိ၊ ရင့်ကျက်မှုမရှိခြင်း၊

ရလဒ်ကား မုန်းတီးမှု၊ မနာလိုမရှုစိမ့်မှုနှင့် အမျက်ဒေါသများ စုပုံလာသည်။ ယောသပ်ငယ်ရွယ်စဉ်ဘဝက အမြော်အမြင်နှင့် ချင့်ချိန်နိုင်သောစွမ်းရည်မရှိခဲ့ပါ။ သူ့အစ်ကိုကြီး များအပေါ် စိုးမိုးရမည် ဆိုသည်က အမှန်ဖြစ်သော်လည်း ထိုအချိန်က သူ့အပြုအမူကို ကြည့်ခြင်းဖြင့် ထိုတာဝန်ကို ယူတင်ထမ်းဆောင်ရန် အသင့် မဖြစ်သေးကြောင်း တွေ့နိုင်ပေသည်။

ခေါင်းဆောင်ကောင်းတစ်ဦးရှိအပ်သော တာဝန်ဝတ္တရား၊ အရည်အချင်းစုံကို သိနားလည်ရန် ယောသပ်ကို ဘုရားရှင် ပြင်ဆင်ပေးနေ ခြင်းဖြစ်ပါသည်။ ခေါင်းဆောင်ဖြစ်မည့်သူသည် ဦးစွာအစေခံဖြစ်ရမည်။ သို့မှသာ သနားခြင်း၊ ကြင်နာခြင်းဆိုသော ခံစားတတ်သည့် နှလုံးသား ရှိလာလိမ့်မည်။

အစေခံသော ခေါင်းဆောင်မှု၌ အမြော်အမြင်နှင့် ချင့်ချိန် နိုင်စွမ်း၊ ခံစားသိလွယ်နိုင်စွမ်းနှင့် ရင့်ကျက်မှုတို့ ပေါ်လွင်နေသည်။ ၎င်းသည် အိမ်ထောင်ဦးစီး ခင်ပွန်းနှင့် အိမ်ရှင်မ ဇနီးတို့ကြားတွင်ဖြစ်စေ၊ အသင်းတော်ခေါင်းဆောင်များကြားတွင်ဖြစ်စေ၊ လုပ်ငန်းခွင်တွင် ကြီးကြပ်ရသူနှင့် အလုပ်သမား ဝန်ထမ်းများ ကြားတွင်ဖြစ်စေ၊ ပြည်သူ့ ဝန်ထမ်းနှင့် နိုင်ငံသားများကြားတွင်ဖြစ်စေ အဆိုပါ ရင့်ကျက်မှုပြည့်ဝသော၊ အစေခံသောခေါင်းဆောင်များ လိုအပ်လျက်ရှိသည်။

ခရစ်ယာန်ခေါင်းဆောင်များအား "မိမိ၏ရာထူးအဆင့်ကို မိမိအကျိုးအတွက် အသုံးချအခွင့်အရေးယူနေသလား။ ဘုန်းတော်ထင်ရှားစေရေး ဘုရားရှင်အား အသုံးပြုခွင့်ပေးသလား"ဟု မေးစရာ ရှိသည်။

> "သခင်ဘုရား၊ ကျွန်တော်မျိုး လမ်းလွဲချိန်တွင် ပြုပြင်လိုစိတ် ပေးတော်မူပါ။ လမ်းမှန်နေလျှင် ထိုအတိုင်း ထိန်းထားနိုင်စေပါ။ ကျွန်တော်မျိုး၏ ရာထူးဂုဏ်ရှိန်ထက် မိမိ၏ပုံသက်သေကောင်း၏ တန်ခိုးက သာ၍ အားကောင်းစေပါ။"

ခေါင်းဆောင်မဖြစ်မီ အစေခံခြင်းမှရအပ်သော အတွေ့အကြုံများကို ရှာဖွေ သိမှီးရသေးသည်။ ခေါင်းဆောင်နိုင်စွမ်း အရည်အသွေးကို အစေခံခြင်း အတွေ့အကြုံ သင်ခန်းစာများမှသာ ရရှိ သင်ယူနိုင်ပေသည်။

**ညီအစ်ကို ၁၀ ဦးအနက် နံပါတ်တစ်ဖြစ်ရန် ရှာကြံခြင်း။** ယာကုပ်က သားငယ်ယောသပ်ကို အစ်ကိုကြီးများအား စောင့်ကြည့်စေသဖြင့် (က ၃၇:၁၂-၂၇)။ သူတို့အလယ်၌ ယောသပ်ရှိနေခြင်းက အစ်ကို ၁၀ ယောက်အတွက် စိတ်နာစရာဖြစ်သည်မှာ မဆန်းပါ။ ထိုဖိစီးမှုဒဏ်က ပြင်းထန်လွန်း၍ ဖခင်၏အချစ်ဆုံးသားနှစ် ယောသပ်ကို သုတ်သင်ပစ်ရန် စီစဉ်တော့သည်။

ချစ်ခြင်းမေတ္တာနေရာ၌ ရွံရှာမုန်းတီးမှုက ဝင်လာ၍ အသေသတ်ပစ်ရန်အထိ ကြံစည်ကြသည် (:၁၈)။ မေတ္တာစကားနေရာ သရော် စကားဝင်လာသည်။ ရုဗင်က အခြေအနေကိုထိန်းသည် (:၁၉)။ သို့သော် မအောင်မြင် (:၂၀-၂၂)၊ ထို့နောက် တစ်ဆင့်ပြီးတစ်ဆင့် မကောင်းမှုကို ကျူးလွန်ကြတော့သည်။

- ယောသပ်၏ အဆင်ထူးခြားသောအင်္ကျီကို ဆွဲချွတ်သည်။ ထိုအင်္ကျီကြောင့် သူတို့စိတ်နာကျင်ရသည်။
- ထို့နောက် ယောသပ်ကို တွင်းထဲသို့ ချပစ်သည် (:၂၃-၂၄)။ ယောသပ်ကို မမြင်လိုကြ။
- တွင်းနက်ထဲတွင် ယောသပ် စိတ်သောကရောက်နေစဉ် ခက်ထန်သောစိတ်ဖြင့် သူတို့က ပျော်ရွှင်စွာအစာစားကြသည် (:၂၅)။
- ထို့နောက် ကျွန်အဖြစ်ရောင်းစားကာ အစဖျောက်လိုက်ကြသည် (:၂၅-၂၈)။ ဤသို့ပင် နိဂုံးချုပ်သင့်သည်ဟု ဆုံးဖြတ်ကြသည်။

အိမ်ထောင်တွင်း မပြေလည်လျှင် အကျိုးနည်းတတ်သည်။ မုန်းတီးစိတ်မှ ခါးသီးစိတ် ဖြစ်ပေါ်သည် (မ ၅:၂၁-၂၂)၊ ခါးသီးစိတ်၏ လက္ခဏာကား လျှာဖြင့် ကျိန်ဆဲခြင်းတည်း (ယာ ၃:၁-၈)၊ ခါးသီးစိတ်ကြောင့် ရလဒ်ကား လူကို မချစ်နိုင်တော့ပဲ အသုံးချကာ မတရားချယ်လှယ်တော့သည်။

---

**မုန်းတီးစိတ်မှ ခါးသီးစိတ် ဖြစ်ပေါ်သည်။**
**ခါးသီးစိတ်၏လက္ခဏာကား လျှာဖြင့် ကျိန်ဆဲခြင်းတည်း။**
**ခါးသီးစိတ်ရလဒ်ကား မတရားချယ်လှယ်ခြင်းတည်း။**

---

**မုန်းတီးစိတ်၏အရင်းအမြစ်နှင့် ဝမ်းနည်းဖွယ်ရလဒ်။** ယောသပ်အကြောင်း လေ့လာသူတို့က "ယောသပ်၏ဘဝသည် အဆုံးနိဂုံး၌ အားလုံးကောင်းသွားသည်ပင်"ဟု ခပ်ပေါ့ပေါ့ ပြောတတ်ကြသည်။ သို့သော် မုန်းတီးမှု လွှမ်းမိုးသောမိသားစုအနေနှင့် လတ်တလောခံစားရသည့် ပူဆွေးမှုကို တွေးကြည့်ပါ။ ဖြောင်းဖျစွက်ဖက်ရန် သတ္တိမရှိခြင်းကြောင့် ရူဗင် စိတ်မကောင်းဖြစ်ရသည်။ ယောသပ် ဒုက္ခရောက်ရခြင်းကြောင့် ပူဆွေးရသည်။ ညီအစ်ကိုတစ်စု ဖခင်ကြီးယာကုပ်ကို မုသာပြောသည်။ သို့သော် လိပ်ပြာမလုံ၊ အပြစ်ဝန်မှ သက်သာရာမရ (က ၄၂:၂၂)၊ ကိုယ်တိုင်လှည့်ဖြားခဲ့သော ယာကုပ်သည် သားများ၏လှည့်ဖြားမှုကို ခံရချေပြီ။ ခံရသော စိတ်သောကမှ သက်သာရေး သူ မတောင့်တာ၊ သူစိုက်ခဲ့သည့်အတိုင်း ရိတ်ရလေပြီ။ ဖခင်အား သူလှည့်ဖြားခဲ့သည့်အတိုင်း သူကိုယ်တိုင်ခံစားနေရ ခြင်းပင်။

အိမ်ထောင်တွင်း မုန်းတီးစိတ်များက ယောသပ်အား ကျွန်ဘဝသို့ တွန်းပို့ခဲ့သည်၊ သို့သော် ကျမ်းစာ့ ယောသပ်ကို ဒုက္ခဝေဒနာ ခံစားခဲ့ရသည်ဟု ဖော်ပြမထားခြင်းက စိတ်ဝင်စားဖွယ်ကောင်းနေ၏။ အမှန်စင်စစ် သူ့ဘဝက သူ့အစ်ကိုများထက် သာလွန်ခဲ့သည်။ ကျွန်ဘဝ ရောက်နေလင့်ကစား၊ ဘုရားသခင်အလိုရှိသည့်နေရာ၌ သူရှိနေပါသည်။

ဘုရားရှင် သွန်သင်မည့် သင်ခန်းစာများကို ခံယူနိုင်မည့် အနေအထား၌ သူကွက်တိရှိနေသည်။ ထိုသင်ခန်းစာများက တစ်ချိန်တွင် သူ့ကို ခေါင်းဆောင်ကြီးဖြစ်စေပြီး အစ်ကိုတို့၏ သစ္စာမဲ့ ဒုက္ခပေးခြင်းများကို အောင်နိုင်စေပါသည်၊ "အကယ်စင်စစ် လူတို့၏ဒေါသသည် ကိုယ်တော်ကို ချီးမွမ်းလိမ့်မည်။ ကြွင်းသောဒေါသကိုလည်း ခါးပန်းစည်းတော်မူ မည်" (ဆာ ၇၆:၁၀)၊ သစ္စာတော်ရှင် ဘုရားသခင်သည် ယောသပ် အသက်တာ၌ ကြုံရသည့် လူတို့၏ဆိုးညစ်မိုက်မဲမှုအားဖြင့် ဘုန်းတော်ကို ထင်ရှားစေခဲ့သည်။

# အပြစ်သွေးဆောင်မှုကို အောင်နိုင်ခြင်း

ဘဝအသက်တာတွင် ဒုက္ခအမျိုးမျိုး၊ သွေးဆောင်မှုအဖုံဖုံကို ကြုံကြရသည်။ အားကစားသတင်းကြေညာသူ **Howard Cosell** "မြင်သာသောအရာကို မလွတ်တမ်းအသုံးချပါ" ဟု ပြောသည်၊ အောင်မြင်မှုများနောက်၌ သွေးဆောင်ဖြားယောင်းမှုက ထက်ကြပ်မကွာ ကပ်ပါလာတတ်ရာ၊ဆုံးရှုံးမှုနှင့်ရင်ဆိုင်ရခြင်းထက်အောင်မြင်မှုကိုရင်ဆိုင်ရခြင်းကပို၍ပင် ခက်ခဲသည်။ ယောသပ်သည် အောင်မြင်မှုနှင့် ဒွန်တွဲပါလာသောသွေးဆောင်ခြင်း၏ စိန်ခေါ်မှုကို တွေ့ကြုံခဲ့ရသည်။ နပျိုသော်လည်း ရင့်ကျက်သည့်နှလုံးသား၌ ဘုရားရှင်၏သင်ခန်းစာက လွှမ်းမိုးခဲ့ကြောင်း ယောသပ်၏ဘဝက ဖော်ပြနေသည်။

ထူးကဲပြောင်မြောက်သော ယောသပ်၏ ဘဝအလှည့်အပြောင်း စွန့်စားခန်းကြီးကို ကမ္ဘာဦးကျမ်း ၃၉ တွင် ဖော်ပြထားသည်။ သို့နှင့် သူသည် ဖာရောမင်း၏ ကိုယ်ရံတော်တပ်မှူး ပေါတိဖာပိုင်သည့် ကျွန်တစ်ဦးဖြစ်သွားသည်၊ ကျွန်ဘဝရောက်နေရလင့်ကစား ယောသပ်သည် ဘဝအနိမ့်အမြင့် လောကခံကြားတွင် ခေါင်းဆောင်နိုင်မှု အရည်အချင်းကို သင်ယူရရှိခဲ့သည် (က ၃၇:၃၆)။

**ပုံသက်သေအစွမ်း။** ပေါတိဖာသည် ကိုယ်ရံတော်တပ်မှူး တာဝန်ကို သာမက ပါးကွက်သားများ ကိုလည်း ကြီးကြပ်ရသူဖြစ်သည်ဟု ကျမ်းတတ် ပညာရှင်များက ယူဆကြသည်။ သူသည် ကြွယ်ဝချမ်းသာပြီး အစေခံ ကျွန်များစွာ ပိုင်ဆိုင်သည် (၃၉:၁၁၊၁၄)။ ယခု ယောသပ်ကို ထပ်မံ ဝယ်ယူ ပြန်သည်။ ယောသပ်၏ အစွမ်းအစ၊ အရည်အချင်းများ ရှိသော်လည်း ထိုအရည်အချင်းများက သူ့ဘဝ၌ အဓိကမကျ၊ သူ့ဘက်၌ ထာဝရ ဘုရား ရှိတော်မူခြင်းကသာ အခရာဖြစ်သည် (က ၃၉:၂)။

အသက် (၁၇) နှစ်မျှသာရှိသေးသော လူငယ်တစ်ယောက် အနေနှင့် မိသားစုမှ ဆွဲခွာခံရသည်သာမက ကျွန်အဖြစ် ရောင်းစားခံလိုက်ရခြင်းက ရင်နာစရာပါ။ ပိုးဆိုးသည်မှာ သူ၏မွေးချင်းတို့က ဤသို့ ရက်စက်လိုက် ခြင်းဖြစ်၍ မည်သို့ခံစားရမည်ကို စဉ်းစားကြည့်ပါ။ အစ်ကိုများစိတ်နာ သည့်နည်းတူ သူကလည်း အစ်ကိုကြီးတို့ကို စိတ်နာ မုန်းတီးမည်ဟု ယူဆ နိုင်သည်၊ သို့သော် ထိုသို့မဖြစ်ပါ။ ယောသပ်သည် မိဝေးဖဝေးနေရသော်လည်း ဘုရားရှင်သည် သူ့အနီးမှ ကာကွယ်လျက် အတူရှိနေကြောင်း သူအမှန် ခံစားခဲ့ရသည်။ ၎င်းအချက်သည် ကမ္ဘာဦး ကျမ်း ၃၉ ၏ အာဘော်ဖြစ်သည် (က ၃၉:၂-၃၊ ၂၀-၂၂)။

သူ့ကျွန်လေး၏စိတ်တွင် ဘုရားသခင် ကိန်းဝပ်လျက်ရှိကြောင်း ပေါတိဖာ အသိအမှတ်မပြုဘဲ မနေနိုင်ပြီ။ ဤသို့ဖြစ်ခြင်းကြောင့် ယောသပ်၏ပါရမီကို နှစ်သက်ချီးကျူးသည်သာမက ဘုရားသခင်၏ ဘုန်းတော်ကို မယုံကြည်သူ ပုဂ္ဂိုလ်ကြီးက အသိအမှတ်ပြုခဲ့ရသည်။

မှတ်သားသင်ယူရမည့်သင်ခန်းစာမှာ ယောသပ်သည် ရက်စက်သော သူ့အစ်ကိုကြီးများကို စိတ်မနာသည့် အပြင် သူရောက်ရှိနေသည့် ကျွန် ဘဝ အခြေအနေကပင် သူ့ကို ချုပ်နှောင်စိုးမိုးခြင်းမရှိပါ။ ဘုရားသခင် အနီးအပါးတွင် ရှိနေကြောင်း ခံစားရ၍ ဖြစ်သမျှအကြောင်း ကောင်းချီး မင်္ဂလာ ဟု ရောင့်ရဲစိတ်နှင့် လက်ခံနိုင်သည် (ဟေဗြဲ ၁၃:၅-၆၊ ဖိ ၄:၁၀-၁၃)၊ ဘဝကို စိတ်ပျက်ဝမ်းနည်းနေမည့်အစား အသက်တာကို ကောင်းသည့် ဘက်မှ အသုံးချခဲ့သည်။ ဘုရားရှင်ကလည်း သစ္စာရှိသော၊ ရောင့်ရဲသော စိတ်နှလုံးသားကို နှစ်သက်အသုံးပြုပေ၏။

ယောသပ်၏စိတ်၌ ဘုရားသခင်ကိန်းဝပ်လျက်ရှိသည်ကို ပေါတိဖာက သိမှတ်လျက် ယခုတွင် သူ၏အိမ်မှုကိစ္စအဝဝကို ထိန်းသိမ်း အုပ်ချုပ် စေခဲ့သည် (က ၃၉:၃-၆)။ အခြားသောအခိုင်းအစေများကို ကြီးကြပ်ရသည်။ ဘဏ္ဍာငွေကြေးစီမံရသည်။ လူထုဆက်သွယ်မှု တာဝန်ကိုလည်း ယူရသည်။ ဤတာဝန်များကို ကျေပွန်စွာ ထမ်းရွက်ခဲ့ခြင်းဖြင့် အနာဂတ်တွင် ထမ်းရွက်ရမည့်အမှုကြီးအတွက် အလေ့အကျင့်ရခဲ့သည်။ သူလုပ်ဆောင်သမျှ၌လည်း ကောင်းချီးခံရသည်။ ကျွန်ဘဝနှင့် ရောင်းစား ခံရပြီးနောက် (၁၀) နှစ်ခန့်မျှတွင် ဤအဆင့်မြင့်ရာထူးကို ယောသပ်ရခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ သွေးဆောင်မှုဒဏ်ကို ခံရလေတော့သည်။

**သွေးဆောင်မှု၏ဆွဲအား။** "ယောသပ်သည် ပုံပြင်ယဉ်ကျေး၍ အသွေးအဆင်းလည်း လှသောသူဖြစ်၏"ဟု ကမ္ဘာဦးကျမ်း ၃၉:၆ တွင် သရုပ်ဖော်ထားသည်၊ ထို့ကြောင့် ပေါတိဖာ၏ ဇနီးက မျက်စိကျတော့သည်၊ သူမက "ယောသပ်ကို တပ်မက်သောစိတ်"ယိုဖိတ်ခဲ့သည် (:၇)၊ ယခုခေတ်ကာလ အမေရိကန်ပြည်၏ စာရိတ္တနှင့်နီးစပ်မည်ဟု ထင်ရသည်။

မကြာမီကထုတ်ဝေသော *McCall's* စာစောင်က အမျိုးသမီး ၆၀,၀၀၀ နှင့် တွေ့ဆုံစစ်တမ်း ကောက်ယူရာ ၄၇%က အိမ်ထောင်မပြုဘဲ လိင်ဆက်ဆံခြင်းကို လက်ခံနိုင်ကြောင်း၊ ၂၇%က (မိမိခင်ပွန်းအပြင်) အခြားယောကျ်ားနှင့် ပေါင်းသင်းမှုကို လက်ခံနိုင်ကြောင်း ထုတ်ဖော်ပြောကြသည်။ ပေါတိဖာ၏ ဇနီးသည်လည်း ဤသဘောထားများကို လက်ခံ နိုင်လိမ့်မည်။ ယောသပ်ကို စွဲလန်းလှသဖြင့် မိမိခန္ဓာကိုယ်ကို အပ်နှင်းရန် အလိုကြီးခဲ့သည်။

## "အောင်မြင်မှုနှင့် အတူ စုံစမ်းစစ်ကြောမှုက ပါလာတတ်သည်"

ယောသပ်၏တုံ့ပြန်မှုကို ဆင်ခြင်ကြည့်ပါ။ သူ့ ခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်ရှိသဖြင့် ထိုချဉ်းကပ်လာမှုကိုလက်မခံဘဲ ပယ်ချ နိုင်ခဲ့သည်။ ထိုစိတ်ထားကို သူ့ဖခင်ထံမှရရှိခြင်း မဖြစ်နိုင်။ မုန်းတီးစိတ် မွှန်နေသော အစ်ကိုများကို အတုယူခြင်းလား။ မယုံကြည်သူ အဲဂုတ္တုလူတို့၏

စရိုက်လား၊ မဖြစ်နိုင်ပါ။ ဤမြင့်မြတ်သောစိတ်ထားကို သူ့အနီး၌ရှိတော်မူသော ထာဝရဘုရားထံမှ ရခဲ့ခြင်းဖြစ်သည်။ ဖြားယောင်းခြင်း ကို တွန်းလှန်ခဲ့သည်သာမက ဆက်လက်တွေ့ ကြုံရမည့်အမှုများ အတွက်ပါ တွက်ဆပြင်ဆင်နှင့် ပြီးဖြစ်သည်။

ယောသပ်၌ တစ်ဖက်သားကို အလေးထားစာနာသော စိတ်ထားမှန်ရှိသည် (:၈-၉)။ သူ့လုပ်ရပ်၊ သူ့အကျင့်သီလအားဖြင့် တစ်ဘက်လူ တစ်ဦးဦး နစ်နာမည်ကို ယောသပ် အလွန်စိုးရိမ်သည်။ သူ့ကို အလွန်ယုံကြည်စိတ်ချ အားထားသည့် သူ့သခင် ပေါတိဖာ စိတ်ထိခိုက်သွားမည်ကို လုံးဝမလိုလားပါ။ တဒင်္ဂပျော်ရွှင်မှုကို သူ၏သစ္စာစောင့်စည်းမှုနှင့် မလဲနိုင်ပါ။ ဒုစရိုက်မှု လွန်ကျူးမိလျှင် ဘုရားရှင်ကို မည်သို့ရင်ဆိုင်ရအံ့နည်း (:၉)၊ ဒုစရိုက်လွန်ကျူးခြင်းဖြင့် ဘုရားရှင်နှင့် မိမိ၏ဆက်ဆံရေး သက်ရောက်မည့်အကျိုးဆက်ကို ယောသပ်သိမှတ်သည်။ နှာတစ်ဖျားကို မကြည့်၊ ရေရှည်ကြည့်သည်။ အသိစိတ်ရှိခဲ့သည်။ သူသည် ဝိညာဉ်ရေး အတွက် ပူပန်ခဲ့သည်။ ဒုစရိုက်မှု အားလုံးသည် အလိုတော်နှင့် ဆန့်ကျင်ကြောင်း၊ စိတ်ပျော်ရွှင်မှုကို လိုက်စားမိ၍ ပေးဆပ်ရသောအခါ အလွန် နစ်နာရကြောင်း သူသိနားလည်ပေ၏။

---

**ဒုစရိုက်လွန်ကျူးခြင်းဖြင့် ဘုရားရှင့်နှင့် မိမိ၏ဆက်ဆံရေး၌ သက်ရောက်မည့်အကျိုးဆက်ကို ယောသပ်သိမှတ်သည်။ နှာတစ်ဖျားကို မကြည့်ဘဲ ရေရှည်ကြည့်ခဲ့သည်။**

---

ယောသပ်တွင် မှန်ကန်သော နည်းဗျူဟာရှိသည် (:၁၀)၊ သူ့ သခင်မနှင့် အတွေ့မခံ၊ သတိနှင့် ရှောင်ရှားခဲ့သည်။ ဒုစရိုက်၏ဆွဲအားကို သူနားလည်သည်။ အပြစ်ကို လမ်းဖွင့် မပေးခဲ့ပါ။

တစ်ချိန်က လူတစ်ယောက်သည် ကြေးနန်းစာရေး ရာထူးအတွက် အလုပ်သွားလျှောက်သည်။ လူအများက လျှောက်ကြ၍ တစ်ယောက်ပြီး တစ်ယောက် အင်တာဗျူးဝင်ရသည်။ မည်သူမျှ အရွေး မခံရပါ။ သူ့အလှည့်တွင် ရွေးချယ်သူ လူကြီးက မေးခွန်းတစ်ခွန်းပြီး တစ်ခွန်းမေးရင်း စားပွဲကို ခဲတံဖြင့် တဒေါက်ဒေါက် ခေါက်နေ၍ အာရုံနှောက်ရသည်၊ သို့သော် ခဲတံ

ခေါက်သံမှ ကြေးနန်းရိုက်ပို့နေသော ကြေးနန်းသင်္ကေတကို ထိုသူဖော်ထုတ်ပြောပြနိုင်၍ သူရွေးချယ်ခံလိုက်ရသည်။ ယောသပ်သည်လည်း ထိုသူကဲ့သို့ပင် သတိဝီရိယနှင့် နိုးနိုး ကြားကြားနေထိုင်ခဲ့သည်။

**ထွက်ပေါက်ရှာနှင့်ပြီးဖြစ်သည် (:၁၂)**။ တစ်နေ့တွင် ယောသပ် တစ်ဦးတည်းရှိနေချိန်၌ ပေါတိဖာ၏ဇနီးက သူ့ကို အမိဖမ်းခဲ့သည်။ သို့သော် ယောသပ်က အခွင့်အရေးမပေးဘဲ ဝေးရာသို့ အမြန်ဆုံး ကိုယ်လွတ်ရုန်းကာ ထွက်ပြေးခဲ့သည်။ သူ့ဝတ်ရုံကျွတ်ကျန်ရစ်ခဲ့သည်ကိုပင် ဂရုမပြုနိုင်ခဲ့ပေ။ ရှံဆုန်၊ ဒါဝိဒ် နှင့် ရှောလမုန်တို့ မရှောင်တိမ်းနိုင် ခဲ့သည့် ကိလေသာ သွေးဆောင်မှုကို ယောသပ်က အောင်နိုင်ခဲ့သည်၊ ရှင်ပေါလုက တိမောသေအား "လူပျိုတို့၏ တပ်မက်ခြင်း ကိလေသာ စိတ်ကို ကြဉ်ရှောင်လော့" (၂တိ ၂:၂၂)ဟု သွန်သင်ရာ၌ ယောသပ်၏ သစ္စာရှိမှု၊ သိက္ခာစောင့်စည်းမှုက သာဓကဥပမာဖြစ်ခဲ့သည်။ ယောသပ်သည် အပြစ်ဒုစရိုက်မှုနှင့် မရောနှော၊ ဒုစရိုက်အကြောင်း ငြင်းခုန်ခြင်းလည်း မပြု၊ ဝေးရာသို့သာ ရှောင်ပြေးခဲ့သည်။ ဤကား သူ၏အောင်မြင်ခြင်းတစ်ရပ်ဖြစ်သည်။

ညစ်ညူးသောဝန်းကျင်တွင် မိန်းမတစ်ယောက်၏ ဖမ်းစားမှုကို ယောသပ် ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသည်။ သူသည် ဝိညာဉ်ခွန်အား မပြည့်ဝသေးသော်လည်း ထိုသွေးဆောင်မှုများကို ကြံ့ကြံ့ခံအနိုင်ယူနိုင်ခဲ့သည်။ အဘယ်ကြောင့် အောင်နိုင်ခဲ့နည်း။

- မိမိသည် ဘုရားသခင်နှင့်စပ်ဆိုင်သူ၊ ဘုရားလူဖြစ်နေကြောင်း မိမိကိုယ်ကို သိမှတ်သည်။
- အပြစ်က အခြားသူတို့ကိုလည်း အကျိုးနည်းစေသည်ကို သိမှတ်သည်။
- အပြစ်ဒုစရိုက်ပြုခြင်းသည် ဘုရားသခင်အား ဖီဆန်ခြင်းဖြစ်ကြောင်း သိမှတ်သည်။

ယောသပ်၏မြတ်သောစရိုက်ကို ဘုရားရှင်က ဆက်လက် ပုံသွင်းသည်။ သူ၏ကောင်းမြတ်သော ကိုယ်ကျင့်တရားကြောင့် သူ့ဘဝ ပျော်ရွှင်စွာ ဇာတ်သိမ်းသင့်သည်။ သို့သော် လက်တွေ့ဘဝ၌ ဤသို့ ဖြစ်မလာပါ၊ ပျက်သုဉ်းနေသောလောကကြီးတွင် မှန်ကန်ကောင်းမွန်စွာ ရှင်သန်သော ဘဝအတွက် ရလဒ်အကျိုး မရှိတတ်။

**ကလဲစားချေခြင်း**။ "မိန်းမဖျက်တော့ ပြည်ပျက်" ဆိုသော ဆိုရိုးစကား

ရှိသည်။ မိန်းမက ယောသပ်၏ဘဝကို ဖျက်ဆီးသည်။ ယောသပ်က သိက္ခာသမာဓိရှိရှိ စောင့်စည်းထိန်းသိမ်းသည်။ ထိုမိန်းမက အားကြီးစွာသော ရမ္မက်၏ဖိစီးမှုကို ခံနေရသည်။ ယောကျ်ားလေးတစ်ယောက်၏ အငြင်း ခံလိုက်ရ၍ ရှက်ရမ်းရမ်းကာ ကလဲ့စားချေလိုစိတ်က လွှမ်းမိုးနေသည်။

- သို့နှင့် မုသာစကားသုံး အိမ်ရှိလူအပေါင်းတို့ရှေ့တွင် ယောသပ် ကို မဟုတ် မမှန်စွပ်စွဲသည်။ ကျွတ်ကျန်ခဲ့သော ဝတ်ရုံကို သက်သေ ပစ္စည်းအဖြစ် တင်ပြသည် (က ၃၉:၁၃-၁၅)။
- ပေါတိဖာအား ယောသပ်အကြောင်း လီဆယ်တိုင်သည် (:၁၆-၁၈)။
- ယောသပ်သည် ထောင်ထဲသို့ မတရားစွာအသွင်းခံရပြန်သည်(:၁၉-၂၀)။

ပေါတိဖာသည် ပါးကွက်သားအကြီးအကဲဖြစ်နိုင်ကြောင်း အထက်က ဖော်ပြပြီးဖြစ်သည်၊ ရှေးအဲဂုတ္တုပြည်၏ဥပဒေအရ လင်ရှိမိန်းမတစ်ယောက် နှင့် ဖောက်ပြန်က ကြိမ်ဒဏ် ၁၀၀၀ ပေးခံရသည်၊ မုဒိမ်းမှုကျူးလွန်က သေဒဏ်ပေးခံရသည်၊ ပေါတိဖာက သူ့ဇနီးသည် မတရားစွပ်စွဲနေခြင်း ကို သိကောင်း သိမည်။ ဤမျှရိုးသားသစ္စာရှိသော လူငယ်အား စွပ်စွဲခြင်း သည် အမှန် မဖြစ်နိုင်ကြောင်း သိကောင်းသိမည်။ သို့သော် အဖတ်ဆယ် သည့်သဘောနှင့် ထောင်ဒဏ်ချလိုက်ရသည်။

## ပျက်သုဉ်းနေသောလောကကြီးတွင် မှန်ကန်ကောင်းမွန်စွာ ရှင်သန်သောဘဝသည် အကျိုးမရှိ။

ဘုရားသခင် တည်ရှိတော်မူသည်၊ ဘုရားသခင်သည် သူ့ဘက်၌ ရှိ၍ ကယ်မသနားတော်မူကြောင်း (:၂၁) ယောသပ် လက်ခံယုံကြည်သည်။ “ဒီလိုသာဖြစ်မယ်ဆိုရင် ဘာလို့ကောင်းကောင်း နေတော့မလဲ”ဟု စောဒက တက်နိုင်ပါသည်။ သို့သော် ယောသပ်က ထိုသို့ မတွေးပါ။ ဘုရားရှင်ကို သာ အားထားစိတ်ချထားသည်။ ထို့ကြောင့် အကျဉ်းကျ ခံရစဉ်တွင်ပင် ကောင်းချီး ဆုကျေးဇူးကို ခံစားခွင့်ရခဲ့သည် (:၂၁-၂၃)။

ပြဿနာ၊ အန္တာရယ်၊ ဘဝ၌ ကြုံရတတ်သော စစ်ကြောမှု အမျိုးမျိုး

ကို ကျော်လွှားနိုင်ရန် ဘုရားသခင်သည် ယောသပ်ကို သွန်သင် လမ်းပြသည်။ အမှုခပ်သိမ်းသည် ဘုရားအလိုတော်နှင့်အညီသာ ဖြစ်ပျက်ရကြောင်း သိမှတ်လျှင် အနှောင့်အယှက်များကို လက်ခံလာနိုင်သည်။ အကြံအစည်တော်ကို စိတ်ချလျက် ကိုယ်တော်၏ ဂရုဏာတော်။ မေတ္တာတော်ကို သိလာရသည်။

**လူပေးသောပြစ်ဒဏ်။** ကြုံရသောဒုက္ခအပေါင်းအားဖြင့် ယောသပ်၏ ကိုယ်ကျင့်တရားကို ဘုရားသခင် ခိုင်မြဲစေသည်။ ကမ္ဘာဦးကျမ်း (၃၉) တွင် ယောသပ်ဘဝကို ကျွန်ဘဝနှင့်စပြီး အကျဉ်းသားဘဝနှင့် ပိတ်ထားသည်။ သို့သော် ဘုရားရှင်အား ခိုင်မာစွာ ယုံကြည်ခဲ့ခြင်းကြောင့် ဒုက္ခအခက်အခဲများကို ကျော်လွှားနိုင်ခဲ့သည်။

# စိတ်ဆင်းရဲခြင်းများကို ကျော်လွှားအောင်နိုင်ခြင်း

ဘေ့စ်ဘောပြိုင်ပွဲတွင် **Joe Torre** သည် အကောင်းဆုံးဆု ချီးမြှင့်ခံခဲ့ရသည်။ နှစ်အတော်ကြာသွားသောအခါ သူသည် အားကစားသတင်းဖတ်ကြားသူအဖြစ် အသံလွှင့်ဌာနတစ်ခုတွင် လုပ်ကိုင်သည်၊ လူငယ်တစ်ယောက်ကသူ့ကို“ခင်ဗျားနာမည်ကျော်ကြားတဲ့သူတစ်ယောက်ဖြစ်ခဲ့တယ်မဟုတ်လား”ဟု စိတ်ဝင်တစားမေးသည်၊ လူတို့သည် ကြာလျှင်မေ့တတ်ကြသည်၊ သူမည်သူမည်ဝါဖြစ်သည်ကို မမှတ်မိတော့ပါ၊

“ကျွန်ုပ်အတွက် သင်ဘာဆောင်ရွက်ခဲ့သလဲ”ဟု လူတို့ မေးတတ်ကြသည်။ ပွဲစဉ်များတွင် အနိုင်ရပြီးနောက် နည်းပြဆရာ တစ်ယောက်အား “ဘာလုပ်ခဲ့သလဲ”ဟု မမေးကြတော့ဘဲ “နောက် ဘာ ဆက်လုပ်မလဲ”ဟု မေးလာသည်၊ အသက်တာ၌ အောင်မြင်ခဲ့သည်များကို မေ့ပစ်လိုက်ကြပြီး နောက်တစ်ဆင့် ဘယ်သို့အောင်မြင်လိမ့်မည်ကိုသာ သိလိုကြသည်။

**မှတ်မိကြပါသလား။** သူခံရသောညဉ်းပန်းနှိပ်စက်မှုကြောင့် ယောသပ် ဝမ်းနည်းစိတ်ပျက်သွားမည်ဆိုက ဖြစ်သင့်ပါသည်။ ဖြစ်လောက်ပါသည်။ “သူ့ကို ခြေချင်းခတ်၍ သံနှင့် ညှဉ်းဆဲကြ၏”ဟု (ဆာ ၁၀၅:၁၇-၂၂)က ယောသပ်အကြောင်းကို ညွှန်းနေသည်။ သူ့သခင်အပေါ် သစ္စာစောင့်လျက်

လူပျိုတို့၏တက်မက်ခြင်းစိတ်ကို ချိုးနှိမ်၍ သန့်ရှင်းစွာ နေခဲ့သောကြောင့် ဤသို့ ဒဏ်ခတ်ခြင်း ခံရသည်။

သို့သော် အကျဉ်းကျနေရချိန်တွင်ပင် ဘုရားသခင်က ပစ်၍မထားပါ။ ထောင်ထဲ၌ပင်လျှင် ယောသပ်သည် ထောင်မှူး၏မျက်နှာသာ ပေးခြင်းကို ခံရလျက် ခေါင်းဆောင်နေရာကို ရရှိသည်။ ထောင်မှူးသည် သူ၏လုပ်ပိုင်ခွင့် မှန်သမျှကို ယောသပ် လက်၌အပ်၍ စီရင်စေသည် (က ၃၉:၂၁)။ "အကြောင်းမူကား ထာဝရဘုရားသည် ယောသပ်ဘက်မှာရှိ၍ သူပြုလေရာရာ၌ အောင်စေတော်မူသည်။ ထောင်မှူးသည် ထောင်အမှုကို ကိုယ်တိုင်ပြန် မကြည့်ရှုရ" (:၂၃)။ ဤသို့ဖြင့် နောင်တွင် ခေါင်းဆောင်ကောင်းဖြစ်နိုင်ရန် လေ့ကျင့်ပေးတော်မူခြင်းဖြစ်သည်။ အောင်မြင်မှု ရရှိရေး အတွက်သည်းခံစိတ်ရှိခြင်းသည် ပဓာနကျသောအချက်ဖြစ်သည်။ မတရားခံရလျက်ထောင်ကျခဲ့ရသော်လည်း ယောသပ်သည် ဖြစ်လေရာ ဘဝ၊ ရောက်လေရာနေရာတွင် အပ်ပေးရာ(ကျရာ)တာဝန်ကို ကျေပွန်ခဲ့သည်။ ဤသို့ဖြစ်ရခြင်းသည် အကြံအစည်တော်အတိုင်းသာ ဖြစ်ရပြီး၊ ကံအား လျော်စွာမတော်တဆ ဖြစ်ရခြင်း မဟုတ်ကြောင်းသိမှတ်လျက်။ သစ္စာရှိစွာ အစေခံလျက်သာ သည်းခံခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က သူ့အား မေ့လျော့ ထားခြင်းမရှိပါ၊ သူ့အကြံအစည်တော်အရ အဲဂုတ္တုပြည်အကျဉ်းစခန်း၌ တာဝန်ဖြင့် လေ့လာသင်ယူခွင့် ပေးထားခြင်း သာ ဖြစ်သည်။

**မေ့လျော့ခြင်းကင်းသောဘုရား။** ယောသပ် ထောင်တွင်း အကျဉ်းကျခံရခြင်းမှာ ဘုရားရှင် အကြံအစည်တော်ရှိ၍သာ ဖြစ်သည်။ ဆက်စပ်မှုမရှိဟုထင်ရသောအမှုခပ်သိမ်းသည် နေရာတကျ စုစည်းမိသောအခါ ပုံပေါ်လာ၏ (က ၄၀:၁)။ "ဖလားတော်ဝန်နှင့် စားတော်ဝန်" တို့မှာ သာမန် နန်းတွင်းအစေခံများမဟုတ်၊ နန်းတွင်းအရှုပ်တော်ပုံ ပေါ်ပေါက်ခဲ့လျှင် သူတို့က ဘုရင့်အပေါ် အကြွင်းမဲ့သစ္စာခံရသူများ ဖြစ်သည် (က ၄၀:၂-၃)။ တစ်နည်းနည်းဖြင့် သစ္စာဖောက်ခြင်းကြောင့် ဖာရောမင်းက သူတို့နှစ်ဦးကို အမျက်တော်ရှပြီး အကျဉ်းချရာ ၄င်းတို့သည် ယောသပ် ကွပ်ကဲရသောထောင်သို့ ရောက်လာကြသည်။

## ကျွန်ုပ်တို့၏ဘဝတစ်ခုလုံးကို ဘုရားရှင်ထိန်းချုပ် စိုးမိုးထားခြင်းကြောင့် ဘယ်အမှုကိစ္စမှ မတော်တဆဖြစ်ခြင်း မဟုတ်ပါ။

၄င်းတို့ကို ယောသပ်လက်ထဲလွှဲပေးသူမှာ ဖာရောမင်း၏ ကိုယ်ရံတော်တပ်မှူး ပေါတိဖာပင်ဖြစ်သည် (၄၀:၄၁)။ ယောသပ်ကလည်း တာဝန်ကိုလက်ခံယူပြီး ထိုအမတ်ကြီးနှစ်ပါးကို ကောင်းစွာ ပြုစုဆက်ဆံသည်။ ဤသို့ဖြစ်လာခြင်းသည် တိုက်ဆိုင်မှု မဟုတ်ပါ။ ဘုရား၏အကြံအစည်တော်အားဖြင့် ဖြစ်ရသောအစီအစဉ်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝတစ်ခုလုံးကို ဘုရားရှင်ထိန်းချုပ် စိုးမိုးထားခြင်းကြောင့် ဘယ်အမှုကိစ္စမှ မတော်တဆဖြစ်ပျက်ခြင်း မဟုတ်ပါ။ ဖြစ်ပျက်သော အမှုတိုင်း၌ အကြောင်းအကျိုးရှိသည်။ ဤအချက်ကို နားလည်လက်ခံ တတ်ရန် လိုသည်။

တက္ကသိုလ်ကျောင်းသားဘဝက အကျပ်ရိုက်ရသည့် အဖြစ်တစ်ခုနှင့်ကျွန်တော်ကြုံခဲ့ဖူးသည်။ ကျွန်တော်သည် တက္ကသိုလ်ဘောလုံး အသင်းတွင်သာမက နယ်လှည့်သာသနာပြုအဖွဲ့လည်း ပါဝင်သည်။

တစ်ကြိမ်တွင် ဘောလုံးပွဲနှင့်ခရီးစဉ် အစီအစဉ်နှစ်ခု ဆုံသွားရာ။ ကျွန်တော်အနေနှင့် တစ်ခုကိုသာ ရွေးရမည် ဖြစ်သောကြောင့် ဘောလုံးပွဲကို ရွေးလိုက်သည်။ ကျွန်တော့်ကိုယ်စား နယ်ခရီးလိုက်ပါမည့် လူကိုလည်းစီစဉ်ပေးလိုက်သည်။ ဘောလုံးပွဲနှင့်ခရီးစဉ်မတိုင်မီ တစ်ရက် အလိုတွင်ကျွန်တော် ထိခိုက် ဒဏ်ရာရသွား၍ ဘောပွဲတွင် မပါဝင်နိုင် တော့ပါ၊ သို့နှင့်အစီအစဉ်ကို ချက်ချင်းပြောင်းလိုက်ပြီး သာသနာပြုခရီးစဉ် လိုက်ပါသွားသည်။ ခရီးစဉ်၌ အမျိုးသမီးတစ်ဦးနှင့် စတင်ခင်မင်ရင်းနှီး ခွင့်ရခဲ့သည်။ သူကလည်း မလိုက်ဖြစ်သောသူအစား နောက်ဆုံးမှ လူစားထိုး လိုက်လာသူဖြစ်သည်။ ထိုအမျိုးသမီးသည် ကျွန်တော့်ဇနီးပင် ဖြစ်သည်။ ပြောရမည်ဆိုလျှင် ကျွန်ုပ်တို့နှစ်ဦးစလုံး လိုက်ပါရန် မရည်ရွယ်ထားသောခရီးစဉ်မိမိ၏ဘဝကြင်ဖော်ကို တွေ့ရှိခဲ့ကြသည်။

## ဘဝ၏အခြေအနေအရပ်ရပ်၌ ဘုရားသခင်၏လက်တော်ကို မျှော်လင့်စောင့်စားရခြင်းသည် ဘဝ၏ဝမ်းမြောက်စရာ ဖြစ်သည်။ စိန်ခေါ်ချက်လည်း ဖြစ်သည်။

ဘဝ၏အခြေအနေအရပ်ရပ်၌ ဘုရားသခင်၏လက်တော်ကို မျှော်လင့်စောင့်စားရခြင်းသည် ဘဝ၏ဝမ်းမြောက်စရာဖြစ်သည်။ စိန်ခေါ်ချက်လည်းဖြစ်သည်။ အကျဉ်းသားဘဝသို့ ရောက်နေကြသော အမတ်ကြီးနှစ်ပါးသည်လည်း စုံလင်သောဘုရားသခင်၏ အကြံအစည်၊ အလိုတော်နှင့်အညီ အချိန်ကိုက်ရောက်လာကြရသည်။ သာမန်အားဖြင့် သူတို့သည် ဤအခြေအနေသို့ ရောက်လိုမည်မဟုတ်။ ရွေးချယ်ရမည်ဆိုလျှင် ဤသို့ဖြင့် ရွေးချယ်ကြမည်မဟုတ်ပါ။

ယောသပ်သည် ကိုယ်တိုင်ခဲယဉ်းသော အခြေအနေသို့ရောက်နေ၍ အမတ်ကြီးများကို စာနာနိုင်သည်။ သူတို့ခံစားနေရသော သောကကို သူခံရသကဲ့သို့ ထပ်တူခံစားပေးနိုင်သည် ။ လူ့ဇာတိ သဘောအရဆိုလျှင် “ငါဒုက္ခရောက်ချိန်က ဘယ်သူမှ ဂရုမစိုက်ကြဘူး။ ငါကော ဘယ်သူ့ကို သနားရမှာလဲ”ဟု လွယ်လွယ်နှင့်ပယ်ချနိုင်သည်။ သို့သော် သူက ဂရုပြုတတ်သူဖြစ်သည်။ အကျဉ်းသားဘဝ၌ ခံရသော မတရားမှုကို သူက ဤသို့ တုံ့ပြန်ခဲ့သည်။

- အထက်—အောက်တုံ့ပြန်မှု။ မည်သည့်ဒုက္ခအခက်အခဲနှင့် ရင်ဆိုင် ရပါစေ။ ဘုရားသခင်နှင့် မိတ်သဟာယမပျက်စေရ။
- ဘေးတိုက်တုံ့ပြန်မှု၊ ကိုယ့်ဒုက္ခ၊ ပြဿနာကို ရှေ့တန်းမတင်ပါ။ သူတစ်ပါး၏အခက်အခဲကို ဦးစားပေး၍ ဂရုစိုက်သည်။

ထောင်အသွင်းချခံရသော အမတ်ကြီးနှစ်ပါးကို ဂရုမစိုက်ဘဲ မသိကျိုးကျွံ (မသိသလို)နေလိုက်၍ ရသော်လည်း ယောသပ်က ဂရုတစိုက် စောင့်ရှောက်ပေးသည်။ သူ့ဒုက္ခကိုဘေးဖယ်ပြီး အမတ်ကြီးတို့၏ပြဿနာကိုရှေ့တန်းတင်ခဲ့သည်။ လူ့ဘဝတွင် ဒုက္ခ အခက်အခဲများ ကြုံကြရမည်ဖြစ်သော်လည်း အတ္တအကျိုးကိုမကြည့်ဘဲ အများအကျိုးကို ဆောင်ရွက်ပေးသင့်သည်။

ကိုယ့်အလို ဆန္ဒပြည့်ဝရေးမကြည့်ဘဲ အခြားလူတို့၏ လိုဘကို ဖြည့်ဆည်းရပေမည်။ မိမိကိုယ်ကို သနားမဆုံးဖြစ်လျက် အချိန်၊ စွမ်းအင်များကို မဖြုန်းတီးဘဲ၊ အခြားသူများကို မစခြင်းဖြင့် ရင်းနှီး မြှုပ်နှံရာ၏။

ဥပမာ အိန္ဒိယပြည့် သာသနာပြုသော ဆရာကြီးနှင့် ဇနီးတို့သည် ၎င်းတို့၏ သားသမီး ခြောက်ယောက်သေဆုံးသွားကြ၍ ကလေးငယ် (၃၀၀) မွေးစားစောင့်ရှောက်ခဲ့သည်။ ဂျော်ဂျီယာပြည်နယ်ရှိရေဝံခွန်ကြီး ရေကြီးချိန်တွင် ဇနီးနှင့်သားသမီးနှစ်ဦး ဆုံးပါးသွားကြရာ၊ ကျန်ရစ်သူယောကျာ်းက "ကျုပ်ငိုချင်လာတိုင်း ကိုယ့်ထက်အဖြစ်ဆိုး သူတွေကိုကြည့် ပြီး နှစ်သိမ့်အားပေး ကူညီနေရလို့ ကိုယ့်ဒုက္ခကိုတောင် မတွေးအားဘူး" ဟု ပြောသည်။

သောကရောက်၍ စိတ်ပျက်ရချိန်၌ သင်ရော ထိုသို့ တုံ့ပြန်ပြုမူပါသလား။ သို့မဟုတ်ပါက ကိုယ့်အပူ၊ ကိုယ့်ဒုက္ခနှင့်ကိုယ် ချာချာလည်ပြီး အခြားသူ၏ အခက်အခဲပြဿနာကို နားမထောင်နိုင်ဖြစ်နေပါသလား။ မိမိအရေးက ဖိစီးနှိပ်စက်လွန်းလျှင် အခြားသူ၏ လိုအပ်မှုကို မသိမခံစားနိုင်ဖြစ်တတ်သည်။ သို့သော် ယောသပ်မှာ ထိုသို့မဟုတ်၊ သူများ၏ ပြဿနာကို သတိပြုစာနာမိရုံမက ပါဝင်ပတ်သက် ကူညီခဲ့ပါသည်။

**ကျွန်ုပ်ကို မေ့မထားပါနှင့်။** ယောသပ်သည် အကျဉ်းကျနေသော အမတ်ကြီးနှစ်ပါး၏ အိပ်မက်များကို အနက်ဖွင့်ပြပြီးသောအခါ သူ၏ ပညာအစွမ်းအားဖြင့် မဟုတ်ဘဲ ဘုရား၏ တန်ခိုးတော်အားဖြင့် ဖွင့်ပြနိုင်ခြင်းဖြစ်ကြောင်း ပြောပြသည် (က ၄၀:၈-၁၉)၊ သူ့နှုတ်မြွက်စဉ်က သူ့အိပ်မက်နှင့်စပ်လျဉ်း၍ အစ်ကိုများအား မောက်မာ ဝါကြွားသည်။ ယခုတွင် သူ့ကိုယ်သူ မာနတက်ဘဝင်ကိုင်ခြင်းထက် ထာဝရဘုရား၌သာ ကိုးစားတော့သည်။ ၎င်းသည် မှတ်မှတ်သားသား ထူးခြားခြားနားချက် ဖြစ်သည်။ ဖလားတော်ဝန် မြင်မက်သော ရူပါရုံ၏ အဓိပ္ပာယ်ကို ဖော်ထုတ်ပြီးနောက်၊ နောင်ကောင်းစားသွားသောအခါ မိမိအား မမေ့ရန် မှာလိုက်သည် (က ၄၀:၁၄-၁၅)။

ယောသပ်အနက်ဖွင့်သည့်အတိုင်း ၃ ရက် အကြာတွင် အိပ်မက်ပါ အချက်များပြည့်စုံသည် (:၂၀-၂၂)။ မိမိ၏ ကိုယ်ကျိုးမငဲ့၊ ဖြူစင်နှိမ့်ချသော စိတ်နှင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းမှလွတ်မြောက် ကောင်းစားသွားသော ဖလားတော်ဝန်သည် ယောသပ်ကို သတိမရတော့ပါ (က ၄၀:၂၃)၊ ရိုးသားဖြူစင်စွာ သစ္စာစောင့်ခဲ့ခြင်းကြောင့် အကျဉ်းကျခံရသည်။ ယခုလည်း အမတ်ကြီးကို စာနာကြည့်ရှုပြုစုခြင်းအတွက် ရလဒ်ကား မေ့လျော့ ဥပက္ခာပြုခံရခြင်းပေတည်း။ အမတ်ကြီးက သူ့ကို သတိမရ၊ နောက်ထပ် ၂ နှစ်တိုင် လွတ်ခြင်းအခွင့် မရခဲ့ပါ (က ၄၁:၁)။

## စစ်ကြောခြင်းမရှိလျှင် သည်းခံခြင်းပါရမီကို မရနိုင်၊ သည်းခံခြင်းမရှိလျှင် ခရစ်ယာန်တို့၏ ရင့်ကျက်ခြင်းကို မရနိုင်။

ရန်သူမဟုတ်ဘဲ မိတ်ဆွေက မေ့လျော့သွားခြင်းဖြစ်သည်၊ အချိန်ကလည်း မနည်းမနော၊ ၂ နှစ်ကြီးများတောင် ကြာခဲ့သည်။ အလွယ်တကူ စိတ်ပျက်ရှုပ်ထွေးစွာ ခံစားသွားရနိုင်သည်။ သို့သော် ၎င်းသည် လူကိုအားကိုးခြင်းအတွက် ရလဒ်ဖြစ်သည်၊ သို့သော် ယောသပ်က ထာဝရဘုရား၌သာ ကိုးစားခဲ့သည်။ လူ (ဖလားဝန်)က မေ့နိုင်သော်လည်း ဘုရားက မမေ့ပါ။ ဤအခြေအနေဆိုးမှ သည်းခံလျက် ကိုးစားယုံကြည်ခြင်းစိတ်ကို ဖြစ်ပေါ်စေသည်။ ရှင်ယာကုပ်က စစ်ကြောခြင်းမရှိလျှင် သည်းခံခြင်းပါရမီကို မရနိုင်။ သည်းခံခြင်းမရှိလျှင် ခရစ်ယာန်တို့ ရင့်ကျက်ခြင်းကိုမရနိုင်ဟု ဟောပြောခဲ့သည် (ယာ ၁:၂-၄)။

သူရဲကောင်းဆိုသည်မှာ အခြားသူများထက် ပို၍ရဲရင့်သူ မဟုတ်၊ ရဲရင့်စိတ်ကို ကြာရှည်စွာ ထိန်းထားနိုင်သူကို ဆိုလိုသည်။

ယောသပ်သည် သစ္စာဖောက်ခြင်း၊ အပြစ်သွေးဆောင်ခြင်းများကို ကျော်လွှားအောင်ခဲ့ပြီ။ ယခုလည်း စိတ်ပျက်ဖွယ် အခြေအနေနှင့် ရင်ဆိုင်ရပြန်သည်။ ဘုရားသခင်က ထိုအနိဋ္ဌာရုံများအားဖြင့် သူ့ဘဝကို ရုပ်လုံးဖော်မွမ်းမံ ပုံသွင်းနေခြင်းဖြစ်သည်။ နောက်ဆုံး အနှောင့်အယှက်မျိုးစုံကို အနိုင်ယူအောင်နိုင်ခဲ့ခြင်းဖြင့် ယခုတွင် ဘုရား၏အစေတော်ကို ခံရန် အသင့်ဖြစ်နေပေပြီ။

# အောင်မြင်မှုဒဏ်ကို ခံရပ်အနိုင်ယူခြင်း

ဆုံးရှုံးမှုများသည် အောင်မြင်ခြင်းသို့ဖြတ်လမ်း" (*Failure: The Back Door of Success*) အမည်ရှိစာတစ်အုပ်ကို **Erwin Lutzer** ဆိုသူကရေးသားခဲ့သည်။ ထိုအဖိုးတန်စာအုပ်သည် ယောသပ်၏ ဘဝအသက်တာအကြောင်း ရေးသားထားသည်ဟု ထင်ရသည်။ ဆုံးရှုံးမှု၊ ဆုတ်ယုတ်မှုများကို နှစ်ရှည်လများခံခဲ့ရပြီးမှ အောင်မြင်ခြင်းကို ရတတ်ခြည်းရတတ်၏ ဟု ရှင်းပြထားသည်။

သမ္မတကြီး အေဗြဟံလင်ကွန်း၏ဘဝက စံတင်လောက်ပါသည်။ စီးပွားရေးလုပ်ငန်းနှစ်ခု ပျက်စီးဆုံးရှုံးခဲ့ပြီး၊ စိတ်ကျဝေဒနာ ခံစားခဲ့ရသည်။ တဖန် ချစ်သူက ကွယ်လွန်သွားရာ သေချင်လောက်အောင် စိတ်ထိခိုက်ခဲ့သည်၊ အနှစ် (၃၀) ကာလအတွင်း ရွေးကောက်ပွဲ (၁၀) ကြိမ် ဆုံးရှုံးခဲ့သည်။ ထို့နောက် မယုံနိုင်လောက်အောင်ပင် အောင်မြင်ပြီး နိုင်ငံတော်သမ္မတကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရလေသည်။ နှစ်ပေါင်းများစွာ ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပြီးခဲ့ပြီးနောက် အဆင့်မြင့်မြင့် ဩဇာကြီးမားသော ရာထူးကိုလည်း ရင်ဆိုင်နိုင်ရန် ကျင့်သားရပြီးဖြစ်သည်။

အကြိမ်ကြိမ်ဆုံးရှုံးမှုနှင့် ဝမ်းနည်းဖွယ်ရာများက လင်ကွန်းကို အနိုင်မယူနိုင်ခဲ့ပါ။ အလားတူပင် ယောသပ်သည်လည်း (၁၃) နှစ်မျှ စိတ်သောကရောက်ခဲ့သော်လည်း နောက်ဆုံး သူ့ဘဝအတွက် မျှော်လင့်စရာ ရောင်ခြည်သန်းလာသည်။ ဖလားတော်ဝန်က ၂ နှစ်တိုင် ယောသပ်အား မေ့နေသည့်ကာလသည်လည်း စာရိတ္တကြွံခိုင်စေရန် ဖြစ်သည်။ ဘုရား အကြံအစည်တော် ပြီးမြောက်ချိန်ကို (က ၄၁) တွင် တွေ့ရသည်။

**မေ့ပစ်လိုသောအိပ်မက်များ။** ဖာရောဘုရင်ကြီးက တစ်နိုင်ငံလုံးနှင့်ဆိုင်သော အိပ်မက်ရူပါရုံနှစ်ခုကို မြင်မက်သည်။ မင်းကြီးက ထိုရူပါရုံ၏အနက်ကို ရှင်းလင်းစွာ နားမလည်သဖြင့် စိတ်သောကရောက် ရသည်။ သာမန်အိပ်မက်မျိုးမဟုတ်သည်ကို ဘုရင်ကြီးက သတိပြုမိသည်။ အလွန်အရေးကြီးသည်ကို သိသောကြောင့် တိုင်းပြည်ရှိ ပညာရှိ သုခမိန်များအားလုံးကို အိပ်မက်၏အဓိပ္ပာယ် ပြန်ဆိုကြရန် အမိန့်တော်ချလိုက်သည် (က ၄၁:၁-၈)။

ဖွင့်ပြတော်မူသော အိပ်မက်ရူပါရုံသည် သာမန်လူ နားလည် ပြန်ဆို နိုင်ခြင်းမရှိသည့် ရူပါရုံဖြစ်သည်။ မြေကြီးအရာ မဟုတ်ဘဲ ဝိညာဉ်ရေးနှင့် ဆက်စပ်လျက်ရှိခြင်းကြောင့် တိကျမှန်ကန်စွာ ဖွင့်ဆိုနိုင်သူအား အဓိပ္ပာယ် ပြန်ဆိုစေရန် အရေးကြီးသည်။ ဉာဏ်မမီသူလက်သို့ မအပ်မိရန် အရေးကြီး သည်။ ပညာရှိများက ဘုရားသခင်၏အကြံအစည်၊ အမှုတော် ဖြစ်ကြောင်း မသိကြပါ။ သူတို့၏အဖြေများက သောကရောက်နေသော ဘုရင်ကြီး၏ စိတ်နှလုံးကို သက်သာခွင့် မပေးနိုင်။

သမ္မာတရားနှင့်ဆိုင်သော ဘုရားအခွင့်အာဏာကို လက်ခံလိုသော ဆန္ဒ မရှိမချင်း ကျွန်ုပ်တို့ စိတ်အနှောင့်အယှက်ဖြစ်၊ ဒုက္ခပေးသည့်အမှု အတွက် အဖြေကို ရမည်မဟုတ်။

ယခုခေတ်အချိန်တွင် လူတို့သည် ဝိညာဉ်အရေးနှင့် ပတ်သက်၍ ဆာငတ် မွတ်သိပ်လှသောကြောင့် မမှန်သောဆရာများ၊ နတ်ဆရာများ နှင့် မှားယွင်း စွာ သွန်သင်သော ဘာသာရေးခေါင်းဆောင်တို့အတွက် အကွက်ကောင်း၊ အချိန်ကောင်း ဖြစ်နေကြောင်းကို သတိပြုရန်လိုသည်။

ဘုရားသခင်ဖွင့်ပြသော သမ္မာတရားအလင်း၌ အဖြေကို ရှာရမည်။ အာနိသင်ကင်း အဓိပ္ပာယ် မရှိသည့် အဖြေများသာပေးသည့် ဆရာတု ဆရာယောင်ကြီးများထံမှ လူ့နှလုံးသားက တောင်တရှာဖွေသော အဖြေကို ရမည် မဟုတ်ပါ။ သမ္မာတရားနှင့်ဆိုင်သော ဘုရား၏အခွင့်အာဏာကို လက်ခံလိုစိတ် ရှိရမည်။ သို့မှသာ မိမိ စိတ်အနှောင့်အယှက်ဖြစ်၊ ဒုက္ခရောက် သည့်အမှုအတွက် အဖြေကို ရမည်။

**အမှတ်ရမိသည့်အိပ်မက်။** ဖာရောဘုရင်၏ ပညာကျော်များက မင်းကြီး၏ အိပ်မက် အဓိပ္ပာယ် ဖော်ထုတ်နိုင်ခြင်း မရှိ၍ အခက်ကြုံကြ ရသည်။ ထိုအခြေအနေတွင်မှ ဖလားဝန်က အနက်ဖော်နိုင်သူတစ်ဦးကို သတိရတော့သည် (က ၄၁:၉-၁၃)။ သူအကျဉ်းကျခံရစဉ်က သူ့ အိပ်မက်ကို ဖော်ပြခဲ့သူ ဟေဗြဲလူငယ်တစ်ဦးရှိကြောင်း ဘုရင်ကြီးအား သံတော်ဦးတင် သည်။ ယောသပ်သည် တစ်ခုနှင့်တစ်ခု အဆက်အစပ်ရှိသည့် အိပ်မက် သုံးခုအနက် တတိယအိပ်မက်နှင့် ရင်ဆိုင်ရတော့သည်။

- အစ်ကိုတို့အပေါ် စိုးမိုးရမည်ဆိုသော သူ့အိပ်မက်
- အမတ်ကြီးများ၏အိပ်မက်
- စပါးကောက်နှံနှင့်နွားမများအကြောင်းအိမ်မက်

အမတ်ကြီးများ၏အိပ်မက်များကို အနက်ဖော်ပေးခြင်းမှ တစ်ဆင့် ယောသပ်သည် တတိယအိပ်မက်ကို အနက်ဖော်ရန် အခွင့်ရခဲ့သည်။ တတိယ အိပ်မက်အားဖြင့် သူ၏ပထမအိပ်မက် ပြီးပြည့်စုံရန် အကြောင်းဖန်လာ သည်။ (၁၃) နှစ်မျှကို ပေးထားသော ဘုရား၏ကတိတော် အပတ်လည် လာသည်။ လူ့အမြင်အားဖြင့် (၁၃) နှစ်ကြာ နောက်ကျမှရသည်ဟု ယူဆ မည်။ သို့သော် အကြံအစည်တော်နှင့် အလိုတော်က အချိန်တန်သောအခါ အချိန်ကိုက်ဖြစ်ပေါ်သည်။

**မှန်ကန်ပြည့်စုံသောအိပ်မက်။** ဖာရောမင်း၌ အခြားရွေးရန် လမ်းမရှိ တော့ပြီ။ အကျဉ်းသားယောသပ်ကို ခေါ်ထုတ်ရလေသည်။ ယောသပ် လွတ်မြောက်ခွင့်ရခြင်း အကြောင်းအားဖြင့် ဘဝ၏ကြမ်းတမ်းခက်ထန် သောအခြေအနေဆိုးများက ဘုရား၌မှန်ကန်မွေ့လျော်သော စရိုက်အကျင့် ကိုမထိခိုက်စေနိုင်ကြောင်း အရေးကြီးသော အချက်ကိုသိနားလည်ရပါသည် (က ၄၁:၁၄-၁၆)။ နှစ်ပေါင်းများစွာ မတရားမှုကို ခံရခြင်း၊ အကျဉ်းချခံရ ခြင်းတို့က ယောသပ်ကို ဆုတ်ယုတ်အောင် မလုပ်နိုင်၊ ဆုတ်ယုတ်ခြင်း မရှိ သည့်အပြင် အရည်အသွေး သုံးမျိုးအားဖြင့် ထိပ်တန်းသို့ ရောက်ခဲ့သည်။

**ခံ့ညားသိက္ခာရှိခြင်း။** မင်းကြီး ရှေ့တော်သို့ ဝင်ရန် အကြောင်းပေါ် သောအခါ ယောသပ်သည် မုတ်ဆိတ်ညှပ်ခြင်း။ အဝတ်လဲခြင်းကို ပြုသည် (က ၄၁:၁၄)၊ အဲဂုတ္တုလူတို့ မုတ်ဆိတ်ရိတ်သောအလေ့ကို ယောသပ်လိုက်နာ သည်။ မင်းကြီးရှေ့မှောက် ခစားရမည်ဖြစ်၍ တော်လျော်စွာ ဝတ်စား ဆင်ယင်သည်။ ယောသပ်၏တင့်တယ်လျောက်ပတ်စွာ ပြုတတ်ခြင်း ရည်မွန်ခြင်းကို ထောင်စရိုက်က မဖျောက်ပစ်နိုင်ပါ။

**စိတ်နှိမ့်ချခြင်း။** "ဘုရားသခင်၏ ဘုန်းတန်ခိုးတော်မှတစ်ပါး ကျွန်တော် သည် ဘယ်အမှုကိုမှ အလိုအလျောက် မတတ်စွမ်းနိုင်ပါ" (:၁၆) ဟု ယောသပ် ဝန်ခံသည်။ သူ့အကျိုးအတွက် အခွင့်အရေးမယူပါ၊ အစ်ကိုတို့နှင့်နေစဉ်က

ကဲ့သို့ ကိုယ်ရည်မသွေးတော့ပါ (က ၃၇:၅-၁၀)။ ဖြစ်ခဲ့လေသမျှ အကြောင်း အားဖြင့် ဘုရားရှင်ကို သူအားကိုးတတ်ခဲ့ပြီ။ စကော့လူမျိုး ဓမ္မပညာရှင် **James Denney (၁၈၅၆-၁၉၁၇)** က "သခင်ယေရှုမှာ ကယ်တင်နိုင်တဲ့ တန်ခိုးရှိတယ်။ ကျုပ်လည်း တော်တယ်လို့ ဘယ်သူမှ တစ်ပြိုင်တည်း မပြောနိုင်ဘူး" ဟု ပြောခဲ့သည်။

**ယုံကြည်ခြင်း။** "ဘုရားသခင်သည် မင်္ဂလာအဖြေစကားကို ဖာရော ဘုရင်အား ပေးတော်မူပါစေသော" (:၁၆)ဟု ယောသပ်ဆိုသည်။ ထိုစကား က နောင်ကာလတွင် ဒံယေလ (ဒံ ၂:၂၇-၃၀) နှင့် ရှင်ပေါလု (တ ၂၆) တို့ ပြော ကြမည့်စကားနှင့် ထပ်တူဖြစ်သည်။ ယောသပ်က သူ၏ယုံကြည်ခြင်းကို ဖော်ထုတ်လျက် ဂုဏ်တော်ကိုချီးမွမ်းခဲ့သည်။ ကျေးကျွန် အကျဉ်းသား တစ်ယောက်ထံမှတွေ့ရသောယုံကြည်ခြင်းနှင့် ကြားရသောစကားများ က ထူးခြားသည်။

ယောသပ်၏အသက်တာကို ဘုရားသခင်က စိတ်ရှည်စွာ သွန်သင် လေ့ကျင့်ပေးခဲ့၍ အကျိုးကျေးဇူးပေါ်လေပြီ။ ယောသပ်၏ စကားနှစ် ခွန်းက ဘုရား၏သင်ခန်းစာကျေညက်ကြောင်း ဖော်ပြနေသည်။

**အိပ်မက် အသက်ဝင်ပြီ။** ဖာရောမင်းက သူ့အိပ်မက်ကို ပြောပြသည် (က ၄၁:၁၇-၃၆)၊ ပညာရှိများက အနက်အဓိပ္ပာယ်ကို မဖွင့်ပြနိုင်သောကြောင့် အညတရကျွန်တစ်ယောက်အားဖြင့် ဘုန်းတော်ကိုထင်ရှားစေသည်၊ လူ့ဉာဏ် မမီနိုင်သောအမှုအရာကို သဗ္ဗညုတဉာဏ်ရှင် ဘုရားတတ်နိုင်တော်မူ၏။

အိပ်မက်အလိုအရ ထာဝရဘုရားက ဖာရောဘုရင်အားသူ၏အကြံအစည် တော်ကို အသိပေးခြင်းဖြစ်သည် (:၂၅)၊ တန်ခိုးအချုပ်အခြာရှင် ဘုရားသခင်၌ ခိုလှုံအားထားနိုင်ကြောင်းကို ယောသပ် ကောင်းကောင်း သိထားသည်။ အိပ်မက်နှစ်ခုပေးခြင်းမှာ အသေအချာဖြစ်စေမည်ဟု ဘုရားရှင်က အတည် ပြုခြင်း ဖြစ်သည်။ အကျဉ်းသားဘဝ၊ ကျွန်ဘဝ ရောက်ပြီး မတရားခံရသည့် အမှုများအားဖြင့် အမှုခပ်သိမ်းကို ဘုရားရှင်ထိန်းချုပ်ထားကြောင်း ဘဝ၏ သိအပ်သောသင်ခန်းစာကိုယောသပ်ရရှိခဲ့ပြီဖြစ်၍၊ ဘုရားရှင်သည် ပြောသည် အတိုင်း အမှန်တကယ်ပြုမည်ကို သူကောင်းစွာ သဘောပေါက်သည်။

ဘုရား၏အလိုတော်နှင့်အကြံအစည်တော်အတိုင်း မင်းကြီး နားလည် လက်ခံရန် ယောသပ် စိန်ခေါ် လိုက်သည်၊ အလိုတော်အတိုင်း ဧကန်အမှန် ဖြစ်ရမည်။ ပျက်ရမည်။ သို့နှင့် ဘုရင်ကြီးအား ယောသပ်က ဖြစ်ထွန်း ကြွယ်ဝသောကာလ၌ ရိက္ခာသိုမှီးထားရန်။ ဤသို့ဖြင့် ရှားပါး သောအချိန် ကာလတွင် ဖူလုံနိုင်မည်ဟု ရဲဝံ့စွာ အကြံပေးသည်။ လိုအပ်မှုများကိုမြင်ပြီး မည်သို့ တုံ့ပြန်အရေးယူဆောင်ရွက်ရမည်ကို ယောသပ်သိသည်။ သူ့အကြံ ပေးချက်က လိုက်နာသင့်သော အချက်များဖြစ်သည်။ ဘဝက လေ့ကျင့် သင်ပေးလိုက်သောဉာဏ်ပညာ၏အကျိုးပေတည်း။ "နိုင်ငံ့ခေါင်းဆောင်သည် နောင်အနှစ် (၅၀) တွင် ဘုရားသခင် ဘယ် အမှုကို ပြုလိုသည်။ ပြုလိမ့်မည် ဆိုသည်ကို သိမြင်သောသူဖြစ်သည်" ဟု ဝန်ကြီးချုပ် **Gladstone** က ပြောဖူး သည်။ မည်သူမျှကြိုတင် မခန့်မှန်း နိုင်ချိန်တွင် ယောသပ်က မြင်နှင့်နေသည်။

**ရုပ်လုံးပေါ်သည်အိပ်မက်။** ယောသပ်၌ ဘုရားသခင်၏ဝိညာဉ်တော် ကိန်းဝပ်နေ၏(:၃၈)။ ထို့ကြောင့် ခေါင်းဆောင်နိုင်လောက်သည့် ထူးကဲသော အရည်အချင်းရှိခြင်းကို ဘုရင်ကြီးက မြင်သည်။ ထို့ကြောင့် သူ့အား အဲဂုတ္တုပြည်၏ ရိက္ခာဝန်ကြီး အဖြစ် တာဝန်အပ်နှင်းသည်။ ထိုသို့ဆုံးဖြတ် ဆောင်ရွက်လိုက် ခြင်းကြောင့် ရှေးခေတ်က သမိုင်းကြောင်းကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေသည်။

အထက်ပါအချက်အားဖြင့် စစ်မှန်သော ခေါင်းဆောင်၌ ရုပ်ပိုင်း အရည် အသွေးသာမက ဝိညာဉ်ခွန်အားလည်းရှိရန်လိုကြောင်း ထောက်ပြသည်။ စွမ်းရည်နှင့် ကျွမ်းကျင်မှုရှိခြင်းသာမက ဘုရားသခင်နှင့် မည်သို့ စပ်ဆိုင် သည်။ မည်သို့ ရင်းနှီးဆက်သွယ်မှုရှိသည်။ ရှိအပ်သောသိက္ခာ သမာဓိ၊ အကျင့်စရိုက်များ စသည့်အချက်များကို ထည့်သွင်းစဉ်းစားရမည်။ ကြီးမြတ်သော ခေါင်းဆောင်တစ်ဦး၏ အဓိကကျသော အရည်အသွေး မှာ အတွင်းအရည်အချင်းဖြစ်သည်။ အပြင်ပန်းသဏ္ဌာန်မဟုတ်။ ယော သပ်၌ ထိုအရည်အချင်းရှိလာအောင် နှစ်ပေါင်းများစွာ ဒုက္ခခံ၍ သင်ယူ ခဲ့ရသည်။

အတွင်းသဏ္ဌာန် အရည်အချင်းဟူသည် ဘုရားသခင်ကို သိကျွမ်းခြင်း အပေါ် မူတည်ပြီး ၎င်းသည် ကြီးမြတ်သော ခေါင်းဆောင်၏ လက္ခဏာ

ဖြစ်သည်။ ဘုရားသခင်၏အချိန်သည် စောသည်မရှိ၊ နောက်ကျသည်မရှိ၊ အမြဲအချိန်ကိုက်ဖြစ်၏။ လွန်ခဲ့သော ၂ နှစ်က အိပ်မက် အဓိပ္ပာယ်ဖော်ခြင်းကို လူမသိခဲ့ပါ။ သို့သော် ယခုအချိန်တွင်မူ တစ်နိုင်ငံလုံး၏ စီးပွားချမ်းသာရေးဖြစ်၍ ဟိုးလေးတကြော်ဖြစ်ခဲ့သည်။ ရှေးယခင်က ယောသပ်ကိုပေးခဲ့သောကတိတော်သည် ယခု ပြည့်စုံခြင်းသို့ရောက်သည်။ အထွေထွေအုပ်ချုပ်မှုတာဝန်ကို စီမံဆောင်ရွက်ရန် ဩဇာအာဏာအပြည့်နှင့် နိုင်ငံအုပ်ရာထူးကို ဘုရင်က ယောသပ်အား ပေးအပ်လိုက်သည်။ တစ်ပါးအမျိုးသားများကြား၌ ဤသို့ကြီးလေးသော တာဝန်နှင့် လုပ်ပိုင်ခွင့် အာဏာရရှိခြင်းက ယောသပ်အဖို့ စမ်းသပ်ခံရခြင်းတစ်မျိုး ဖြစ်သည် (က ၄၁:၄၀-၄၅)။

**ဖွဲ့ရှိပါမည်လား။** ယုဒလူမျိုးတစ်ယောက်က အဲဂုတ္တုပြည်ကြီးကို အုပ်ချုပ်စီမံရန်မှာ လွယ်ကူသဖြင့် ကိစ္စမဟုတ်။ အစာရေစာရှားပါးစဉ်တွင် ပို၍ပင်ခက်ခဲပေလိမ့်မည်။

**လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း ရှိပါမည်လား။** သေးငယ်သောအမှုကိုထမ်းရွက်စဉ်က ရရှိခဲ့သည့် ကျွမ်းကျင်မှုစွမ်းရည်များကို ကြီးလေးသောတာဝန်ကို ဆောင်ရွက်ရာ၌ အသုံးချရတော့မည်။

**မာနထောင်လွှားစိတ်ဝင်လာမည်လား။** "တာဝန်အပြည့်ထမ်းနိုင်သူရှားသည်။ ရုတ်တရက် ရာထူးကြီး ကြီး ရသွားပါက မာနစိတ်၊ မောက်မာစိတ် ဝင်ပြီး ကျဆုံးတတ်သည်။ အောင်မြင်လျက် ရပ်တည်နိုင်ရေးကားအကြီးဆုံး စစ်ကြောမှုဖြစ်သည်"ဟု **J. Oswald Sanders** က ပြောဖူးသည်။

---

"တာဝန်အပြည့်ထမ်းနိုင်သူ ရှားသည်။
ရုတ်တရက် ရာထူးကြီးကြီးရသွားပါက
မာနစိတ်၊ မောက်မာစိတ်ဝင်ပြီး ကျဆုံးတတ်သည်။
အောင်မြင်လျက် ရပ်တည်နိုင်ရေးကား
အကြီးဆုံး စစ်ကြောမှုဖြစ်သည်။" *— J. Oswald Sanders*

---

ထိုစစ်ကြောမှုများကို ယောသပ်အောင်နိုင်ခဲ့သည်။ ကြီးလေးသော တာဝန်၏ဖိစီးမှုကို ယောသပ်က ကြံ့ကြံ့ခံနိုင်ခဲ့သည်။ ထိုသို့ခံနိုင်ရန် ဘုရားရှင်က ပြင်ဆင်ပေးနှင့်သောကြောင့် ဖြစ်သည်။

တဖန် **Samuel Rutherford** က "တူတစ်လက်၊ တံစဉ်း တစ်ချောင်း၊ မီးတစ်ဖိုအတွက် ကျေးဇူးတော်ချီးမွမ်းပါ၏။ တူက လူကို ပုံသွင်းပေးနိုင်၏၊ တံစဉ်းက လူကို ထက်မြက်စေသည်။ မီးဖိုက လူ၏ ခံနိုင်ရည်ကို တိုးပွားစေသည်" ဟု ရေးသားခဲ့သည်။ ယောသပ်သည် တူဒဏ်၊ တံစဉ်းဒဏ်၊ မီးဒဏ် သုံးရပ်စလုံးကို ခံရပ် ရင်ဆိုင်ခဲ့ပြီး ယခုတွင် ဘုရားရှင်၏အသုံးပြုခြင်းကို ခံယူအစေခံရန် အသင့်ပင်။

# မုန်းတီးခါးသီးစိတ်ကို အောင်နိုင်ခြင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက် စစ်အတွင်း ပြစ်မှုကျူးလွန်ခဲ့သူများကို **Nuremberg** စစ်ခုံရုံးသို့တင် တရားစွဲဆိုစစ်ဆေးခဲ့သည်။ တရားခံတစ်ယောက်က တရားစွဲသူ အရာရှိအား "ခင်ဗျားရဲ့ စွပ်စွဲချက်တွေကခင်ဗျားရဲ့စကားတွေပဲ။တစ်ခုမှအခြေအမြစ်မရှိဘူး"ဟုခုခံလိုက်သည်။ စွဲချက်တင်သူက "ဒါတွေဟာ ကျုပ်တို့ရဲ့စကားတွေ မဟုတ်ဘူး။ ခင်ဗျားတို့ရဲ့ နှိပ်စက်ညှဉ်းပန်းမှုအမျိုးမျိုးခံခဲ့ရပြီး၊ မသေလို့ ကျန်ရစ်သူရဲ့ ရင်ဖွင့်သံပဲ။ သူကိုယ်တိုင်လာပြီး ဒီရုံးတော်မှာ တင်ပြလိမ့်မယ်" ဟု ချေပလိုက်သည်၊

ယခု ယောသပ်၏ အခြေအနေကို ကြည့်သောအခါ အနှိပ်စက်ခံ နေရသူ မဟုတ်တော့ပါ။ (သူ့ကို ရက်ရက်စက်စက် ရောင်းစားခဲ့ကြသော သူ့အစ်ကိုကြီးများ အပါအဝင်) သန်းပေါင်းများစွာသော ပြည်သူများ၏ အသက်ရှင်နိုင်ရေးကို အပြည့်အဝထိန်းချုပ်ထားသူတစ်ဦးဖြစ်နေလေပြီ။

ဤတာဝန်ကိုလက်ခံခဲ့ပြီးနောက်ကိစ္စအတော်များများဖြစ်ပျက်ပြောင်းလဲခဲ့သည် (က ၄၁)။ ဘုရင်ကြီးအား ပေးခဲ့သည့် ရူပါရုံအတိုင်း ကြွယ်ဝသော (၇) နှစ်ကာလ ကုန်လွန်သွားပြီး ယောသပ်၏ စားနပ်ရိက္ခာသိုလှောင်မှု စီမံချက်သည်လည်း ထိရောက်အောင်မြင်ခဲ့ပြီ။ သိုလှောင်ထားခဲ့သော

ကောက်ပဲသီးနှံများ ရှိကြောင်းသိ၍ အငတ်ဘေး ကျရောက်ဆဲကာလ အတွင်း ဖာရောဘုရင် (နှင့်ယောသပ်) ထံသို့ ချဉ်းကပ်ကာ အစာရေစာ တောင်းကြရပြီ။ အစ်ကိုများလည်း အစာရှာကြရာ ယောသပ်က ထောက်ပံ့ ပေးရကြောင်း ကမ္ဘာဦးကျမ်း (၄၂) တွင် ဖော်ပြထားသည်။

သူ့ဖခင်ကြီးနှင့် ညီငယ်တို့အသက်ရှင်နေကြောင်း အစ်ကိုကြီးများထံမှ သိရသည်။ ထို့နောက် မိသားစုပြန်လည် သင့်မြတ် ပေါင်းစည်း နိုင်ရန် သူ စီစဉ်တော့သည်။ အစ်ကိုကြီးများ၏စိတ်ထားသည်လည်း ပြောင်းလဲသွား ခဲ့သည်ကို သူသတိပြုမိသည်။ သို့သော် အမှန် စိတ် ပြောင်းလဲခြင်းဟုတ် မဟုတ်။ သူတို့ကို အမျိုးမျိုးစစ်ဆေးသည် (က ၄၃)၊ ညီငယ် (ဗယ်္ာမိန်) အား ခေါ်လာပြရန်စေခိုင်းသည်၊ စားသောက်ပွဲတစ်ခု ပြင်ဆင်ဧည့်ခံပေး ပြီး ညီငယ် ဗယ်္ာမိန်အား အခြားသူများထက် ငါးဆ ပိုပေးခဲ့သည်။ ဤ အကြိမ်တွင် သူတို့ထက်ပို မျက်နှာသာ ပေးရ ကောင်းလားဟု မလိုမုန်းထား စိတ်မရှိကြတော့သည်ကို သိရသည်၊ လွန်ခဲ့သောအနှစ် (၂၀) က သူ့ကို စိတ်ရိုင်းဖြင့် စွန့်ပစ်သကဲ့သို့ ဗယ်္ာမိန်ကို စွန့်ပစ်မည်လော၊ ကာကွယ်ကြ မည်လော။ ညီငယ်အပေါ်ထားသော စိတ်ထားမှန်ကို သိလိုသောကြောင့် ဥပါယ်တံမျဉ်နှင့် စစ်ဆေးသည်။

ယောသပ်သည် လူသားဖြစ်သောကြောင့် သူတို့၏သဘောထားအမှန် ကို သိနိုင်ခြင်းမရှိပါ၊ သုံးသပ်ဆုံးဖြတ်နိုင်စွမ်းမရှိပါ၊ လူသား၏အတွင်းစိတ် ကို ဘုရားသခင်တစ်ပါးတည်းသာလျှင် ထိုးထွင်း၍ သိမူ၏ (၁ ရာ ၁၆:၇)။ ထို့ကြောင့် နောက်တစ်ဆင့် တိုး၍ ဆန်းစစ်ရပြန်သည်။

စစ်ဆေးရန်အကွက်ဆင်ခြင်း (က ၄၄:၁-၃)၊ စားသောက်ကြပြီးနောက် အစ်ကိုများ၏ အိတ်များထဲတွင် အစားအစာ၊ သူတို့ပေးချေသော ငွေ သာမက ဗယ်္ာမိန်၏အိတ်တွင်းသို့ သူအသုံးပြုသော ငွေဖလားပါ ထည့် ပေးလိုက်ရန် သူ့ဝန်စာရေးအား ညွှန်ကြားလိုက်သည်၊

ဗယ်္ာမိန်အား ပြန်လည် ရွေးထုတ်လျက် ကယ်တင်မည်လော။ သို့မှ မဟုတ်၊ ညီငယ်အား ကျွန်ဘဝသို့ ပို့၍ သူတို့အလွတ်ရုန်းကြမည်လော။ မိမိအကျိုးရှာကြမည်လော၊ ကိုယ်ကျိုးစွန့်ကြမည်လော၊ သူတို့ ၏ရိုးသား မှုကို ဤနည်းဖြင့် စမ်းသပ်ရတော့သည်။

အိမ်သို့အပြန်ခရီးစပြီးနောက် မင်းမှုထမ်းတစ်ယောက်ကို စေလွှတ်၍ နန်းသုံးငွေဖလားကို ခိုးယူသွားကြသည်ဟု စွပ်စွဲစေသည်။ ဤစွပ်စွဲချက်ကြောင့် ညီအစ်ကိုတစ်စု တုန်လှုပ် ချောက်ချားသွားကြသည်၊ ယခင်က တွေ့သောငွေကိုပင် ပြန်ပေးကြောင်း၊ ခိုးရာပါပစ္စည်းတွေ့သူအား သေဒဏ်ပေးပြီး သူတို့အားလုံးကို ကျွန်အဖြစ်ဖမ်းဆီးထားနိုင်ကြောင်း ရဲရင့်စွာဆိုလျက် သူတို့၏ ရိုးသားမှုကို သက်သေထူသည်။

ထိုသို့ အခိုင်အမာဆိုကာ သူတို့.အပြစ်ကင်းမှု ရိုးဖြောင့်မှုကို ကာကွယ်ကြသည်။ ခိုးယူသူ တစ်ဦးတစ်ယောက်ပါနေပါက ဤသို့ ကာကွယ်ရဲမည် မဟုတ်ပါ၊ မင်းမှုထမ်းက ခိုးယူသူကိုသာ အစေးယူမည်ဟု ပြောပြီး ရှာဖွေလေတော့သည်။

တစ်အိတ်ပြီးတစ်အိတ်ရှာကြသည်။ အစာများသာတွေ့သည်။ နောက်ဆုံး ဗင်္ယာမိန်၏အိတ်ကို ဖွင့်သည်။ ဗင်္ယာမိန်၏အိတ်၌ ငွေဖလားကို တွေ့ရသည်တွင် သူတို့မည်မျှထိတ်လန့်သွားကြမည်ကို တွေးကြည့်နိုင်ပါသည်။ လုံးဝမဖြစ်နိုင်၊ သူတို့လိပ်ပြာလုံကြသည်။ ခရီးမဆက်ကြတော့ဘဲ မြို့တွင်းသို့ လှည့်ပြန်လာကြသည်။

ယောသပ်၏သွေးစွန်းသောဝတ်လုံစကို မြင်ရစဉ် အဖ ယာကုပ်ကြီး အင်္ကျီဆုတ်သကဲ့သို့၊ ဗင်္ယာမိန်၏အဖြစ်ကြောင့် ညီအစ်ကိုတစ်စု ဝတ်လုံကို ဆုတ်ကြသည် (:၁၃)။ သူတို့ စိုက်သည့်အတိုင်း ရိတ်ရခြင်းပင်၊ ဤအပြုအမူက သူတို့၏ဝမ်းနည်းခြင်း၊ အားလျော့ စိတ်ပျက်ခြင်းများကို ဖော်ပြသည်။

အပြစ်ရှိသူအား ကျွန်အဖြစ် သိမ်းယူဖမ်းဆီးစေပြီး ကျန်လူများကို ပြန်ခွင့်ပေးမည်ဟု ဝန်စာရေးက ဆိုထားပြီးဖြစ်ရာ အလွယ်ဆုံးက ဗင်္ယာမိန်ကို ချန်ရစ်ပြီး သူတို့ပြန်သွားရုံသာရှိသည်။ သို့သော် သူတို့၏ စိတ်တွင်း မနာလိုစိတ်။ မုန်းတီးစိတ်များ မရှိပြီဖြစ်သောကြောင့် ညီငယ်ကို လက်တွဲ မဖြုတ်ကြပါ။ ပေးသမျှပြစ်ဒဏ်ကို အားလုံးအတူခံ ကြမည့်သဘောတည်း၊ သူအစ်ကိုများသည် အမှန်စိတ် ပြောင်းလဲသွား ကြပြီဖြစ်ကြောင်း တွေ့နိုင်သည်။

**အသနားခံကြရပြီ (က ၄၄:၁၄-၃၄)။** အတိတ်ကာလက စိတ်ထားမျိုး သူတို့ မရှိပါ။

- ယခု ယောသပ်ရှေ့တွင် အစ်ကိုများက ပျပ်ဝပ်ကြရပြီ (:၁၄)၊ ယောသပ်၏ ပထမအိပ်မက် ပြည့်စုံခြင်းသို့ ရောက်လေပြီ။
- "ကျွန်တော်တို့သည်...ဤအမှုနှင့်အဘယ်သို့လွတ်နိုင်ပါအံ့နည်း။ ကိုယ်တော်ကျွန်တို့၏အပြစ်ကို ဘုရားသခင်စစ်၍တွေ့တော်မူပြီ" (:၁၆)၊ ဆင်ခြင်ပေးခြင်း။ ဖုံးကွယ်ရန်ကြိုးစားခြင်းမရှိ။ အပြစ်ကို ဝန်ချသည်။ "ကျွန်တော်တို့ ရှိသမျှသည် သခင်၏ကျွန်ဖြစ်ကြပါ၏" ဟု ယုဒကလျှောက်သည်။ "သူ"ဟု မပြောတော့ဘဲ "ကျွန်တော်တို့" ဟု သုံးနှုန်းထားသည်။
- "ဖလားလက်ဝယ်မိသူကိုသာ ကျွန်ဖြစ်စေပြီး။ သင်တို့မူကား အဘထံသို့ ငြိမ်ဝပ်စွာ သွားကြလော့"ဟု ယောသပ်က မိန့်ကြားရာ။ "ကျွန်တော်သည် သူငယ်ကိုယ်စားနေရစ် သခင်ထံ ကျွန်ခံရသော အခွင့်ကို...ပေးတော်မူပါ" (:၃၃-၃၄) ဟု ယုဒ တောင်းပန်ခဲ့သည်၊ သူ့ကို ရောင်းစားရန် ကြံစည်အားပေး ခဲ့သည့် အစ်ကိုယုဒကပင် သူ့ကို ညီကိုယ်စား ဒဏ်ခတ်ပါဟု လည်စင်းပေးနေပြီ။ ဖခင်ကြီး သောက ရောက် ဝမ်းနည်းရမည်ကို သူ မလိုလားပြီ (၁၉:၃၂)၊ ဗယ်္ယာမိန်သည် ဖခင်၏အသည်း ဖြစ်ကြောင်း ပွင့်လင်းစွာ ပြောသည်၊ သို့သော်လည်း ဖခင်၏မျက်နှာလိုက်မှုကို အပြစ်မမြင်တော့ဘဲ ဗယ်္ယာမိန်ကို ဖခင် ဆက်၍ ချစ်ပါစေတော့ဟု မိမိကိုယ်ကို စွန့်လွှတ် အနစ်နာခံရန် ဆုံးဖြတ်လိုက်သည်။ ယုဒ၏တုံ့ပြန်ပုံက သူတို့၏ရိုးသားမှုကို ထင်ရှားစေပြီး ယောသပ်၏စစ်ဆေးမှုကို အမှတ်ပြည့်ဖြင့် အောင်မြင်ခဲ့သည်။

သခင်ယေရှုက "သူတို့၏အကျင့်ကို ထောက်သော် သူတို့၏သဘောကို သိရကြလိမ့်မည်" (မ ၇:၂၀) ဟု မိန့်မှာတော်မူခဲ့သည်။ ယောသပ်၏အသက်တာ၏ ဘုရားသခင်ပြင်ဆင်စီမံပေးသည်နည်းတူ၊ ယုဒတို့ညီအစ်ကိုများကိုလည်း ကိုယ်တော် ပြုပြင်ပြောင်းလဲပေးပါသည်။

**ကြင်နာဖွယ် ပြန်လည်ပေါင်းဆုံခြင်း (က ၄၅:၁-၁၅)။** ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ယောသပ်အဖို့ နှစ်နှင့် ချီ၍ နာကြည်းခဲ့ ရမှုများ ပျောက်ကွယ်သွားရပြီး၊ အစ်ကိုများရှေ့တွင် စိတ်မထိန်းနိုင်တော့ဘဲ ငိုချလိုက်သည်၊ သူ့မျက်ရည်က အစ်ကိုများ အမှန်ပြောင်းလဲ သွားသည်ကို မြင်ရ၍

ဝမ်းသာ၍ ကျသောမျက်ရည်။ ညီအစ်ကိုချင်း ထားရှိအပ်သောသဘောထား များ ပေါ်ထွက်လာ၍ ကျသော ချစ်ခြင်းမျက်ရည် ပေတည်း။

အစ်ကိုများကို တွေ့တွေ့ချင်း ထုတ်ပြောလိုသည့်စကားကို ယခု ပြော ချလိုက်တော့သည်။ "ကျွန်တော်ဟာ ယောသပ်ပါ"တဲ့ (:၃)။ သူတို့နားကို မယုံနိုင်ကြပါ။ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ကြောက်ရွံ့ခြင်းတို့က တစ်ခန်း လုံးကို ပြည့်လျှံသွားတော့သည်။ သူတို့ညီ ယောသပ်၏လက်ထဲတွင် သူ တို့အသက် ရှိနေပြီ။ ဤအခြေအနေတွင် ယောသပ် မည်သို့တုံ့ပြန်သည် ကို ကြည့်ပါ။ အစ်ကိုများအပေါ် သနားကြင်နာစိတ် ရှိသည်ဖြစ်၍ -

- စိတ်ထိခိုက်သည်ကို မျိုသိပ်မထားဘဲ ချုံးပွဲချငိုကြွေးသည် (:၂)။
- နီးနီးကပ်ကပ်နေလိုသောကြောင့် "ကျွန်ုပ်အနီးအပါးသို့လာကြပါ" (က ၄၅:၄) ဟု ခွဲခွာနေခဲ့ကြရသော အစ်ကိုများကို ဖိတ်ခေါ်သည်။
- "စိတ်မညှိုးငယ်ကြနှင့်။ ကိုယ်ကို အမျက်မထွက်ကြနှင့်။ ဤနေ့သည် ဝမ်းမြောက်စရာနေ့ဖြစ်သည်" (:၅) ဟု ပြောသည်၊
- "လူအသက်ကို စောင့်မစေခြင်းငှာ။ သင်တို့ရှေ့မှာ ကျွန်ုပ်ကို စေလွှတ်တော် မူပြီ" (:၅) ဟု နှစ်သိမ့်ပေးသည်၊ ဘုရားသခင်သည် အမှုအရာခပ်သိမ်း ကို ပိုင်သစိုးမိုးလျက်ရှိကြောင်း ယုံကြည်ဖို့လိုသည်။
- ဤပျော်ရွှင်ခြင်းကို အားလုံးဝေယူခံစားထိုက်သည်ဖြစ်သောကြောင့် "အလျင်အမြန်ထ၍ အဘထံသွားကြလော့ အဘကို ဤပြည်သို့ဆောင်ခဲ့ လော့" (က ၄၅:၉-၁၃) ဟု မှာကြားလိုက်သည်။

ခွင့်လွှတ်ခြင်းသဘောက မကောင်းမှုကို ပြေပျောက်စေသည်။ "ယောသပ် သည် သခင်ဘုရား၏အကြံအစည်တော်ကို ပျက်ပြားစေရန် ထိုးနှက်နေသည့် စာတန်မာရ်နတ်နှင့် လူဆိုးတို့၏ ရန်စွယ်မှ ကာကွယ်လျက် အနန္တတန်ခိုးရှင် ဘုရားကို ယုံကြည်ကိုးစားသည်၊ ယုံကြည်ခြင်းက ယုတ်ညံ့သောပြစ်မှုတစ် ခုလုံးကို နက်စွာသောစိတ်ပျက်ဖွယ်တွင်းထဲမှ နုတ်လျက် ထာဝရဘုရား စိုးစံရာတောင်ထိပ်၌ နေရာချတော်မူ၏။ ဘုရားသခင်၏ ပြစ်လွှတ်ခြင်း ကျေးဇူးတော်က အတိတ်ကာလမှ နာကျင်မှုများကို ပပျောက်စေသည်"ဟု ဓမ္မပညာရှင် Merrill Ungar က ရေးသား ခဲ့သည်။ ((Unger's Com-

mentary on Old Testament, Moody Press, 1981, p.81)

ယောသပ်သည် လူ့ဘဝအနိဋ္ဌာရုံများ အထူးသဖြင့် ဇာတိပကတိသဘော ဖြစ်သော မုန်းတီးစိတ်ကို အနိုင်ယူခဲ့သည်၊ သူ့သဘောထားအားဖြင့် ကျေးဇူးတော်၊ အကြွင်းမဲ့ ခွင့်လွှတ်ခြင်း၊ ရန်တုံ့မမူခြင်း စသည့် ကောင်းမြတ်ခြင်း အမှုတို့ကို ပေါ်လွင်စေခဲ့သည်၊ ပစ္စုပ္ပန်ကာလ၌ ရှိသော ကောင်းမြတ်ခြင်း ကရုဏာအားဖြင့် အတိတ်ကာလမှ အမှားများကို မေတ္တာစိတ်ပြလျက် ဖယ်ရှားနိုင်ခဲ့သည်။ သူ့လူကိုဖျက်ဆီးတတ်သော မုန်းတီးစိတ်မရှိအောင် ဘုရားရှင် သူ့ကို ကွယ်ကာကြောင်း ယုံကြည်စိတ်ချမှုကို ထင်ဟပ်စေသည်။

မီရှီဂင်ပြည်နယ်၊ ဒီးယားဘွန်းမြို့မှ **Robert Bristol** တို့ ဇနီးမောင်နှံ့ အကြောင်းကို ဖတ်ရသောအခါ လွန်စွာ စိတ်မကောင်းဖြစ်ရသည်။ သူတို့သည် အကျဉ်းကျနေသူ ရာဇဝတ်သားတစ်ယောက်အား ခရစ်တော် အကြောင်း ဝေငှရန်ခရီးထွက်ခဲ့သည်၊ ထူးခြားချက်မှာ ထိုထောင်သားသည် တစ်ချိန်ကသူတို့့ သမီးကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့သူဖြစ်သည်။ ဤသို့ လုပ်ဆောင်နိုင်ခြင်းမှာ ကျေးဇူးတော်၊ ကရုဏာတော်အားဖြင့်ရသော စိတ်ဓာတ်ဖြစ်ပေသည်။ ကရုဏာစိတ်ဆိုသည်မှာ သက်သောက်သက်သာ အခြေအနေမျိုး၌ မပေါ်ပေါက်နိုင်၊ ဒုက္ခ၊ အခက်ကြုံတွေ့ရပါမှ ကရုဏာ မေတ္တာစိတ်ပေါက်ဖွားတတ်သည်။

ထိုနည်းဖြင့်သာ ခါးသီးနာကျင်သောစိတ်ကို အောင်နိုင်မည်။ ဘုရားရှင်အား မှီခိုအားထားပါမှ အချင်းချင်းချစ်နိုင်မည်။ တစ်ပါးသူတို့ကို ချစ်နိုင်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့အကျိုးအတွက် အရာခပ်သိမ်းကို စီမံလုပ်ဆောင်ပေးသော အနန္တတန်ခိုးရှင် ဘုရား ကျွန်ုပ်တို့ ယုံကြည်ခိုလှုံသောကြောင့်တည်း။ ကျွန်ုပ်တို့အတွက် ကောင်းသောအရာများကို ပေးနိုင်စွမ်းရှိသော အရှင်သခင်ကို ယုံကြည်လျှင် မကောင်းမှု ခပ်သိမ်းကို အနိုင်ယူနိုင်လိမ့်မည်။

*****************************

# အောင်မြင်ခြင်းကိုဖြစ်စေသော ယုံကြည်ကိုးစားမှု

ယောသပ်၏ဘ၀အမြင်ကို က ၅၀:၂၀ ၌ တွေ့ရသည်။ "သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည်ကြံသော်လည်း ဘုရားသခင်သည် ယနေ့ ဖြစ်သည် အတိုင်း လူများအသက်ချမ်းသာစေခြင်းငှာ ကျေးဇူးပြုမည် ကြံတော်မူ၏" ဟု အစ်ကိုကြီးတို့ကို ပြောသော ယောသပ်၏ နောက်ဆုံးစကားက သူ၏ယုံကြည်ခြင်းစိတ်ကိုဖော်ပြသည်။ သူသည် အသက်ရှင်တော်မူသော ဘုရားကို ဖက်တွယ်ခဲ့သည်။ အကြွင်းမဲ့ ယုံကြည်ခဲ့သည်။

ဘုရားသခင်၏အကြံအစည်တော်နှင့် ကောင်းမြတ်ခြင်းကို အကြွင်းမဲ့ ယုံကြည်ကိုးစားခြင်းဖြင့်သာ ဘ၀၏ဒုက္ခအခက်အခဲများကို ကျော်လွှန်နိုင်ရာ၏။ မည်သည့် အခြေအနေတွင်မဆို လက်တော်၏မစခြင်းကို ရှာဖွေမှု ဖျက်လိုဖျက်စီးပြုသောအမှုတို့က တည်ဆောက်စရာ ဖြစ်လိမ့်မည်။ "ဘုရားသခင်၏သားဖြစ်သောသူမည်သည်ကား လောကကို အောင်တတ်၏။ လောကကို အောင်ခြင်း အကြောင်းမူကား ငါတို့၏ ယုံကြည်ခြင်းပေတည်း" (၁ ယော ၅:၄)။

ယေရှုခရစ်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံလျှက် မိမိ၏ အပြစ်များဝန်ချခြင်းမပြုက သင်၏လောကီအမှုအရေးတို့သည် သပွတ်အူကဲ့သို့ ရှုပ်ထွေးနေလိမ့်မည်။ သင့်အပြစ်အတွက် အသေခံပြီး လူတို့၏စံချိန်မမီမှုများအတွက် တာဝန်ယူသွားသူ အရှင်တစ်ပါးက သင့် ကို ဘုရားရှေ့ဖြောင့်မတ်စေ၏။ အပြစ်လွှတ်စေ၏၊ နှမ်းလျအားငယ်သော ဝိညာဉ်အတွက် ပြည့်စုံသော အဓိပ္ပာယ်ကို ပေးနိုင်သဖြင့်၊ သင့်အတွက် လောကသို့ ကြွလာသော ခရစ်တော်က သူ၏မေတ္တာတန်ခိုးအားဖြင့် ဘ၀၏ မပြည့်စုံမှု၊ ခါးသီးမှု၊ အပြစ်ဒုစရိုက်များကို အဆုံးသတ်စေသည်။

အခမဲ့ပေးနေသော ထာဝရအသက်ကို လက်ခံပါ။ အပြစ်လွှတ်ခြင်း ကျေးဇူးကိုခံယူပါ။ သင့်အတွက် ကရာနီကုန်းတွင် အနိုင်ယူ အောင်ခြင်း အခွင့်ကို ယူသွားသူကို လက်ခံမှသာ အခက်အခဲ၊ စိတ်ဒုက္ခ များကို ထာဝစဉ် အောင်နိုင်ခွင့်ရလိမ့်မည်။ ဤသည်မှာ စစ်မှန်သော အောင်မြင်ခြင်းတည်း။ "ဘုရားသခင် ပေးတော်မူသောဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုအားဖြင့် ထာဝရ အသက်ပေတည်း" (ရော ၆:၂၃)။

နေ့စဉ်ခွန်အားအမှုတော်လုပ်ငန်းမှ ထုတ်ဝေဖြန့်ချိပါသည်။

နော်တာမလာဖော
၁၂/ ကမတ (နိုင်) ၀၀၆၉၀၆
အမှတ် (၁) စောတေလိန်း၊ ဦးလူနီလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁-၈၂၁၀၇၉၅၊ ၀၉-၄၂၆၄၉ ၂၀၁၇

---

ကျွန်ုပ်တို့ ထုတ်ဝေသည့်စာအုပ်စာစောင်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက မိတ်ဆွေနှင့်
အနီးဆုံးဖြစ်သည့် နေ့စဉ်ခွန်အားရုံးသို့ စာရေးဆက်သွယ်နိုင်ပါသည်။ သို့မဟုတ်ပါက
ourdailybread.org/locations တွင် နေ့စဉ်ခွန်အားရုံးလိပ်စာအပြည့်အစုံကို ကြည့်ရှုနိုင်ပါသည်။

**Singapore**: Our Daily Bread Ministries Asia Ltd, 5 Pereira Road #07-01
Asiawide Industrial Building, Singapore 368025

**USA**: Our Daily Bread Ministries, PO Box 2222, Grand Rapids, MI 49501-2222, USA
**Myanmar**: Our Daily Bread Ministries, No. 1 Saw Tay Lane, U Loo Nee Street,
Kayin National Quarter, Kyeemyindaing Township, Yangon, Myanmar
Tel: (+95) 210795, (+95) 94 2649 2017 • E-mail: myanmar@odb.org

## ကျွန်ုပ်တို့၏အထောက်အပံ့ရံပုံငွေ

နေ့စဉ်ခွန်အားအမှုတော်လုပ်ငန်း(မြန်မာပြည်) အား အဖွဲ့အစည်းတစ်ခုခု၊ ဂိုဏ်းဂဏ အသင်းတော်တစ်ပါးပါးမှ၊ အမေရိကန်နိုင်ငံရုံးအဖွဲ့မှ ငွေရင်းရံပုံငွေ မတည်ပေးခြင်း၊ အမြဲအထောက်အပံ့ရရန် ငွေပင်ငွေရင်း ပစ္စည်းတစ်စုံတစ်ရာ စောင်ထားခြင်းများမရှိပါ။ ကျွန်ုပ်တို့သည် မြန်မာပြည်နှင့် အခြားသောနေရာဒေသ အသီးသီးမှ လူတစ်ဦးချင်းစီ၏ ထောက်ပံ့ပေးလှူမှုဖြင့်သာ ရပ်တည်ပြီး၊ ဘုရားလူတို့အတွက် အမှုတော်ကို ဆက်လက်လုပ်ဆောင်နေပါသည်။ မြန်မာနိုင်ငံ၌ အသက်တာကို ပြောင်းလဲစေသော သမ္မာကျမ်းစာမှ ပညာတော်ကို လူတိုင်းနားလည်စေရေး၊ လူတိုင်း ရရှိစေရေး အမှုတော်တာဝန်အတွက် သင်လည်းပူးပေါင်းပါဝင်ပါ။

## ပေးလှူနိုင်သည့်နည်းလမ်းများ

မြန်မာနိုင်ငံအတွင်း KBZpay (သို့) Wave Money အားဖြင့်လည်း နေ့စဉ်ခွန်အားအမှုတော်လုပ်ငန်းရုံး၏ဖုန်းနံပါတ် ၀၉-၄၂၆၄၉ ၂၀၁၇ သို့ ပေးလှူနိုင်ပါသည်။

နေ့စဉ်ခွန်အားအမှုတော်လုပ်ငန်းရုံးသို့လည်း လာရောက်ပေးလှူနိုင်ပါသည်။

ပေးလှူနိုင်သောနည်းလမ်းများကို အောက်ပါဝက်ဆိုဒ်လင့်တွင်လည်း အသေးစိတ်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
https://bit.ly/odb-mm-donate

*လေ့လာမှတ်သားဖွယ်စာစဉ်* (*Discovery Series*) စာအုပ်များသည် အသက်တာ၏ ကဏ္ဍအသီးသီးအတွက် သမ္မာကျမ်းစာ သွန်သင်ချက်နှင့် ကိုက်ညီသည့် အသိအမြင် ဉာဏ်ပညာများကို မိတ်ဆက်ပေးသည်။ အခြားစာအုပ်များကို လေ့လာဖတ်ရှုနိုင်ရန် **myanmar-odb.org/ds/** သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**odb.org | myanmar-odb.org**

(အသင်းတော်တွင်း ကန့်သတ်)

နေ့စဉ်ခွန်အား
အမှုတော်လုပ်ငန်း

JJ530